မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၉၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ စနေနေ့။

အင်ဒိုနီးရှားသမ္မတနှင့် ဇနီး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့်ဇနီး မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယိုနိုတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဥတ္တရသီရိမြို့နယ် စက်မှုလယ်ယာမြေနှင့် အရန်ရေစုကန်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်သူများ စပါးသီးနှံ့အဓိကထားစိုက်ပျိုးနိုင်ရန်အတွက် မြေကိုအကျိုးရှိစွာ အသုံးချ

နေပြည်တော် ဧပြီ ၁၉

နေပြည်တော်ဥတ္တရသီရိမြို့နယ် သပြေကုန်းရွာအနီး စက်မှုလယ်ယာမြေဧက ၉၀၀ စိုက်ခင်းဖော်ထုတ်ရေးလုပ်ငန်းခွင်၌ ဇကကွက်များဖော်ထုတ်ပြီးစီးမှု၊ ပင်မရေသွင်းမြောင်းမကြီး ဖောက်လုပ်ပြီးစီးမှု၊ ရေနုတ်မြောင်းမကြီးဖော်ထုတ်ပြီးစီးမှု၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ မြေညှိပြုပြင်နေမှုများနှင့် အရန်ရေစုကန်တည်ဆောက်ထားရှိမှုတို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီခွဲတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စိုက်ခင်းများသို့ စိုက်ပျိုးရေပေးဝေမည့် စက်စက်ယိုရေလွှဲဆည် တည်ဆောက်ရေးလုပ်ငန်းခွင်၌ လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပင်မရေပေး မြောင်းမကြီးဖောက်လုပ်မည့် ရေသွားလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ပြည်ထောင်စုဝန်ကြီးက စက်မှုလယ်ယာမြေစနစ် အခြေခံလုပ်ငန်းများဖြစ်သည့် မြေယာများအား ဇကကွက်၊ ဟက်တာကွက်များ ဖော်ထုတ်ခြင်း ၊မြေပြုပြင်ခြင်း၊ ရေသွင်းရေထုတ်စနစ်ကောင်းအောင် မြေမျက်နှာပြင်ညှိခြင်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ကုန်ထုတ်လမ်းများကို ရာသီမရွေးအသုံးပြုနိုင်အောင် ဖောက်လုပ်ပေးခြင်းစသည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ပြည့်စုံခိုင်မာသည်အထိ မျက်ခြည်မပြတ်အောက်ခြေအထိ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဖော်ထုတ်ပြီး လယ်မြေများတွင် တောင်သူများစပါးသီးနှံ့ အဓိကထား စိုက်ပျိုးနိုင်ရန်အတွက်မြေကိုအကျိုးရှိစွာ အသုံးချ၍ ဝင်ငွေတွက်ခြေကိုက်စေပြီး ရေသုံးစွဲမှုသက်သာစေသော သက်တမ်းတို ရက် ၁၀၀ ပုလဲသွယ် စပ်မျိုးစပါး စိုက်ပျိုးနိုင်ရေးကူညီစီစဉ်ပေးရန်နှင့် စပါးမစိုက်နိုင်သောယာမြေများတွင်လည်း အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နေကြာစသည့် စီးပွားရေးတွက်ခြေကိုက်သည့် သီးနှံ့အမယ်များကို ရွေးချယ်၍ ထိထိရောက်ရောက် စိုက်ပျိုးနိုင်ရေး သီးနှံ့ပုံစံများကို ပညာပေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၁၉

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ကမ္ဘာလှည့်ခရီးသည်များအား ပုဂံရှုခင်းအလှနှင့် နေဝင်ချိန်၊ နေထွက်ချိန်တို့ကို ကြည့်ရှုခွင့်ပြုထားသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သစ္စာဝတီဘုရား၊ တောင်ဂူနီဘုရား၊ မြောက်ဂူနီဘုရား၊ ပုဂံမျှော်ဘုရားနှင့် သိကြားဟစ်ဘုရားများ ကြံ့ခိုင်မှုအခြေအနေနှင့် နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ နန်းတော်ရာနေရာတူးဖော်မှုနှင့် ထိန်းသိမ်းထားရှိမှု၊ Site Museum အဖြစ်ဖွင့်လှစ်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အနော်ရထာမင်းကြီး၏ သိရိဇေယျဘူမိ ပုဂံရွှေနန်းတော်ကြီးကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား Aureum Palace Hotel ၌ တွေ့ဆုံပြီး ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသော အသင်းအဖွဲ့များထဲမှ တစ်ဖွဲ့ကို ခရီးသွားလုပ်ငန်း (ပြည်ပ) မြှင့်တင်ရေး (Promotion) ဆောင်ရွက်နိုင်ရန် အလို့ငှာ တစ်ဖက်တစ်လမ်းမှ ကူညီပေးရန် စီမံလျက်ရှိရာ ခရီးသွားလုပ်ငန်း(ပြည်ပ) မြှင့်တင်ရေးရန်ပုံငွေ တောင့်တင်းခိုင်မာစေရန် အထောက်အကူပြုသောအားဖြင့် ပုဂံဇုန်သို့လည်ပတ်သောဧည့်သည်များထံမှ ဇုန်ဝင်ကြေးကောက်ယူသည့်တာဝန်ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသော မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း တစ်ဖွဲ့သို့ လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည့်ကိစ္စများနှင့်ပတ်သက်သည့် လုပ်ငန်းစီမံချက်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ မာတိကာ

ဗန်းမော်-ရွှေကူ-ကသာ အန္တရာယ်ကင်းစွာ သွားလာနိုင်ဖို့ — စာ - ၂

ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသား အသက် ၁၁၆ နှစ်ပြည့် မွေးနေ့ပွဲကျင်းပ — စာ - ၄

ကမ္ဘာနှင့် အနီးစပ်ဆုံးတူညီသော ဂြိုဟ်သစ်နှစ်ခုတွေ့ရှိ — စာ - ၅

တန်ဖိုးရှိလှ လူ့ဘဝ မူးယစ်ကင်းစင်မှ (ဆောင်းပါး) — စာ - ၆

အပန်းဖြေစခန်းမှ ပျဉ်ပုံဘဝရောက် — စာ -၁၂

သဖန်းသာရွာမှ ပေါ်ဦးပေါ်ဖျားကြက်သွန်များ — စာ -၁၃

ပီတာချက်နှင့် ဒေးဗစ်လုစ် အနာဂတ် ချယ်လ်ဆီးကို ဦးဆောင်သူများ ဖြစ်လာနိုင် — စာ -၁၄

ရွှေရန်နံ့ဒင်္ဂါကျေလိမ်းဆေးကို လိမ်းပေးခြင်းဖြင့် ထုံကျဉ်ကိုက်ခဲ၊ ညောင်းညာခြင်းကို သက်သာပျောက်ကင်းစေပါသည်။

ရွှေရန်နံ့ အကြောပြေ ဒင်္ဂါကျေလိမ်းဆေး

ဒင်္ဂါကျေလိမ်းဆေး၏ ထူးခြားချက်

ရွှေရန်နံ့လိမ်းဆေးသည်စိတ်ကိုတက်ကြွလန်းဆန်းစေပြီး ပရုတ်ဆီရနံ့နှင့်စိတ်အာရုံကိုကြည်လင်စေမည့် သင်းပျံ့သော ရနံ့တို့ပါရှိသောကြောင့် ရနံ့နှစ်မျိုးကိုခံစားရမည့် လိမ်းဆေးဖြစ်ပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရင့်ကျက်အောင်ကြိုးစား

ကျွန်ုပ်တို့ လူ့လောက၌ လုပ်ကိုင်ဆောင်ရွက်သော အမှုကိစ္စတို့တွင် ရင့်ကျက်ရင်သန်အောင် ကြိုးစား လုပ်ကိုင်ခြင်းဖြင့် အကြောင်းအကျိုး အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ခြင်းဖြစ်ရကာ အောင်မြင်ရာ အောင်မြင်ခြင်း အကြောင်းကိုလည်း ဖြစ်စေနိုင်၏။ လူ့ဘဝကြီးတွင် အရာရာရင့်ကျက်အောင် ကြိုးစားအားထုတ်ကြခြင်းဖြင့် အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုး ဝေဖန်ပိုင်းခြားနိုင်၏။ အမှန်နှင့်အမှား ဝေဖန်သုံးသပ်ဆုံးဖြတ်နိုင်၏။

သရက်သီးမှည့်တိုင်းသည် စသီးကတည်းက အမှည့်သီးလာကြသည်မဟုတ်၊ တဖြည်းဖြည်း အသီးအကင်းလေးဘဝမှ သန္ဓေတည်လျက်ကြီးထွားလာ၏။ အလုံးအထည်ကြီးထွားလာသည်နှင့်အမျှ ငယ်စဉ်က အချဉ်ဓာတ်များလျော့ကာ အချိုဓာတ်များ ကိန်းအောင်းလာ၏။ အရောင်မှာလည်း အစိမ်းရောင်မှ ရွှေရောင်သမ်းလာ၏။ ရနံ့မှာလည်း စိမ်းရွှေရွှေရနံ့မှ မွှေးကြိုင်သောအရသာကိုဆောင်လာ၏။ ဤကား ရင့်ကျက်ခြင်း၏ သဘောပင်ဖြစ်၏။

ထိုနည်းလည်းကောင်းပင် လူတို့မှာလည်း အသက်အရွယ်ကြီးလာသည်နှင့်အမျှ တဖြည်းဖြည်း ရင့်ကျက်လာရ၏။ သရက်သီးတို့တွင် သီးကင်းစဘဝမှ ရင့်မှည့်သည်အထိ သူ့ဘာသာဘာဝအလျောက် ရင့်ကျက်သည့်သဘောရှိ၏။ သို့သော် လူတို့မှာ ထိုသို့မဟုတ် သူ့အလိုအလျောက် ရင့်ကျက်သည်ဟူ၍မရှိ။ ကြိုးစားအားထုတ်ပါမှ ရင့်ကျက်နိုင်စွမ်းရှိ၏။ ဤသို့ဆိုလျှင် ရင့်ကျက်အောင်သာ ကြိုးစားအားထုတ်သင့်၏။

ရင့်ကျက်အောင်ကြိုးစားခြင်းသည်ကား နည်းလမ်းများစွာမရှိ။ အသိပညာ ဗဟုသုတရှာမှီးခြင်းနှင့် စာများများဖတ်ခြင်းပင်ဖြစ်၏။ အတွေ့အကြုံများများယူ၊ စာများများဖတ်ခြင်းဖြင့် လူ၏ ဦးနှောက်ဉာဏ်ကို ရင့်ကျက်ရင်သန်စေနိုင်ပါသည်။

ဦးနှောက်ဉာဏ် ရင့်ကျက်ရင်သန်လာသည်နှင့်အမျှ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်၏။ လမ်းကောင်းလမ်းမှန်ကို တည့်မတ်ပေးနိုင်၏။ အမှားအမှန်ကိုလည်း ကောင်းစွာသိ၏။ ဆိုးခြင်းကောင်းခြင်းကိုလည်း နားလည်၏။

ဤသို့ ရင့်ကျက်အောင်ကြိုးစားခြင်းဖြင့် ဘဝလမ်းကြောင်းမှန်ကို ရောက်ရှိစေနိုင်သောကြောင့် ကြီးပွားခြင်း၊ တိုးတက်ခြင်း၊ အောင်မြင်ခြင်းသို့ ဆောင်ကြဉ်းသွားနိုင်မည်ဖြစ်ပေ၏။ သို့ပါသောကြောင့် လူတိုင်း လူတိုင်း ငယ်ရွယ်စဉ်ဘဝမှစ၍ ဘဝကိုရင့်ကျက်သည်ထက် ရင့်ကျက်အောင် ကြိုးစားအားထုတ်သင့်ပါကြောင်း။

မြန်မာရေကူးနှင့် ဒိုင်ဗင်အားကစားအဖွဲ့ တရုတ်နိုင်ငံ၌ ပူးတွဲလေ့ကျင့်ရန်ထွက်ခွာ

ရန်ကုန် မေ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရေးအတွက် မြန်မာရေကူးနှင့် ဒိုင်ဗင်အားကစားအဖွဲ့သည် တရုတ်နိုင်ငံ၌ ပူးတွဲလေ့ကျင့်ရန် မေ ၁၇ ရက်တွင် ထွက်ခွာသွားသည်။

အဖွဲ့အုပ်ချုပ်သူအဖြစ် ဒေါ်သန်းသန်းမြင့်၊ နည်းပြများအဖြစ် Mr. Cui Xiao Feng (တရုတ်နိုင်ငံ)နှင့် ဒေါ်အေးအေးစိုး၊ ရေကူးအားကစားသမားများအဖြစ် မောင်ရဲမြင့်ဟိန်း၊ မင်းသုခနှင့် သီဟအောင်၊ ဒိုင်ဗင်အားကစားသမားများအဖြစ် မောင်နောင်ကြာ၊ ဇော်မျိုးထက်၊ ဇွဲသက်ဦး၊ မနေခြည်စုစုလတ်၊ မစောလှနန္ဒာ၊ မသက်မှူးရွှေစင်နှင့် မောင်ထက်နန္ဒာလင်းတို့ပါဝင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

မြစ်ကြီးနား ကျောက်မျက်လုပ်ငန်းအသင်း ဆိုင်ခန်းပန္နက်တင်

မြစ်ကြီးနား မေ ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)၏ ကျောက်မျက်ရတနာဆိုင်ခန်း တည်ဆောက်ခြင်း ပန္နက်တင်အခမ်းအနားကို မြို့ပေါ်ရပ်ကွက်၌ မေ ၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ **(ဝဲအောက်ပုံ)** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထွန်းထွန်းနောင်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတေဇ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား)နာယက ဦးယွပ်ဇော်ခေါင်တို့က သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးကြသည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား) ဥက္ကဋ္ဌ ဦးရစ်နန့်ဇေလွမ်းတို့က အမှာစကားနှင့် ကျေးဇူးတင်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

လဘန်အောင်(ကချင်မြေ)

ထင်သာမြင်သာ ပြုပြင်စရာ

ဗန်းမော်–ရွှေကူ–ကသာ အန္တရာယ်ကင်းစွာ သွားလာနိုင်ဖို့

ဗန်းမော်-ရွှေကူ-ကသာ ပြေးနေသော ရွှေရောအမြန်ရေယာဉ်သည် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စည်းကမ်းတကျ ဆောင်ရွက်ရန်လိုအပ်ချက်များရှိနေကြောင်း ခရီးသွားပြည်သူများက ပြောကြားသည်။ ဗန်းမော်မှ နံနက် ၉ နာရီ ထွက်လာခဲ့သော ရွှေရောမြကြယ်စင်(၁) အမြန်ရေယာဉ်သည် မွန်းတည့် ၁၂ နာရီတွင် ရွှေကူမြို့နယ်သို့ ဆိုက်ရောက်ပြီး ကသာမြို့သို့ ဆက်လက်ထွက်ခွာသည်။ လူပေါင်းများစွာစီးနင်းလိုက်ပါသော ထိုရုပ်ပြေးယာဉ်မောင်းသူ၏လက်ထဲတွင် အသက်ပေါင်းများစွာရှိနေသည်။ ဆိပ်ကမ်းသို့ ဆိုက်ကပ်တိုင်း လူများစုပြုံတိုးဝှေ့တက်ကြသည်မှာလည်း အန္တရာယ်တစ်ခုဖြစ်သည်။ ဆိပ်ကမ်း၌ တာဝန်ရှိသူများက စည်းကမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တင်ပြလိုက်ပါသည်။ **(ယာပုံ)** (ဝ၇၃)

ပျက်စီးဆုံးရှုံးသွားသောနေအိမ်များ ပြန်လည်တည်ဆောက်ရေး အလှူငွေများပေးအပ်လှူဒါန်း

ကျုံဒိုး မေ ၁၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တွင် မေ ၁၃ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က တိုက်ခတ်သွားသော မိုးသက်လေပြင်းနှင့် မိုးကြိုးများကြောင့် ပျက်စီးဆုံးရှုံးသွားသော ကျုံဒိုးမြို့ရှိ နေအိမ်ခြောက်လုံးနှင့် ကမ်းနီကျေးရွာရှိ နေအိမ်နှစ်လုံး စုစုပေါင်း နေအိမ်ရှစ်လုံးပျက်စီးဆုံးရှုံးခဲ့သည်။ ပျက်စီးဆုံးရှုံးသွားသော လေဘေးသင့်အိမ်ထောင်စုရှစ်စုအတွက် မေ ၁၆ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝေသုံ ၊ ဒုတိယဦးစီးမှူး ဦးမင်းသူနှင့် အဖွဲ့ဝင်များ၊ ကျုံးဒိုးမြို့ လေးရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများသည် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ စားအုန်းဆီ ၅ လီတာဘူးကြီးတစ်ဘူးပေးဝေခဲ့ပြီး အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများကလည်း ပျက်စီးဆုံးရှုံးသွားသော လေဘေးသင့် အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်စုလျှင် အလှူငွေကျပ် ၂၀၀၀၀ ပါဝင်ကူညီထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

(ဝ၁၈)

ခြင်ဆေးမီးပွား သတိမထားက
စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

သီတဂူရွှေပြည်ဟိန်းစကျွဒါနဆေးရုံ မေလ (၁၂၊ ၁၈၊ ၁၉) (၂၃) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

ဆက်သွယ်လှူဒါန်းနိုင်သောဌာန-ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ ကျိုက္ကဆံစုပါဝင်မ တာမွေလေး သံလမ်းအနီး (ဖုန်း-၅၅၁၄၅၃၃၊ ဝ၉-၅၁၀၂၀၃၇) အချင်းဝေသာ ရွှေဘုံတိုင်ကမ္ဘာ့ဘဏ် KBZ Bank (Account No. 0071220029870)

ပြည်တွင်းသတင်း

ပုသိမ်မြို့နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေ

နေပြည်တော် ဧပြီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဇရပ်ဆိပ်ကျေးရွာ ဇရပ်ဆိပ်တံတားဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ တာဝန်ရှိသူတို့က ဇရပ်ဆိပ်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က တံတားကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဇရပ်ဆိပ်တံတားကို နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၄၆ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၅၆ သိန်း စုစုပေါင်း ငွေကျပ် ၁၀၂ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အောင်မြေဇေယျကျောင်းတိုက် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ ကျေးရွာသောက်ရေကန်နှင့် ခနသိဒ္ဓိဆန်စက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားများ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

သုံးခွမြို့တွင် မိုဘိုင်းဖုန်းများ မဲစနစ်ဖြင့် ရောင်းချပေးမည်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် CDMA-800MHz စနစ် မိုဘိုင်းဖုန်းများအား ရပ်ကွက်ကျေးရွာအလိုက် သတ်မှတ်ရရှိသည့် ခွဲတမ်းထက် ကျော်လွန်လျှောက်ထားမှုရှိပါက မဲနှိုက်စနစ်ဖြင့် မဲပေါက်သူများအား ရောင်းချပေးမည်ဟု သိရှိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဧပြီ ၂၄ ရက်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး လစဉ် မိုဘိုင်းဖုန်း ၃၅၀၀၀၀ ကို ခွဲဝေရောင်းချပေးမည်ဟု သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပထမအသုတ် ငွေကျပ် ၁၅၀၀ တန် CDMA-800 MHz ဖုန်း SIM Card ခွဲတမ်းအရေအတွက် ၁၃၀၀ ရရှိသည်ဟု သိရှိရသည်။ သုံးခွမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်နှင့် ကျေးရွာ ၆၄ အုပ်စုရှိပြီး ရပ်ကွက်ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုလူဦးရေစာရင်းအလိုက် ခွဲဝေပေးသဖြင့် နေရာဒေသအလိုက် SIM Card ရရှိမှု ကွာခြားမှုရှိနိုင်ကြောင်း သိရှိရသည်။

သုံးခွမြို့နယ် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ရှိ ကြော်ငြာသင်ပုန်း၌ CDMA - 800MHz စနစ် မိုဘိုင်းဖုန်းများ ဧပြီ ၂၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာထားသည်ကို တွေ့ရှိရသည်။ အိမ်ထောင်စုတစ်ခုလျှင် တစ်ဦးသာလျှောက်ထားနိုင်ပြီး ရရှိသည့်ခွဲတမ်း SIM Card အရေအတွက်ထက် ကျော်လွန်လျှောက်ထားမှုပိုမိုပါက ထင်သာမြင်သာနှင့် ပွင့်လင်းမြင်သာမှုရှိအောင် အများပြည်သူရှေ့တွင် ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရှစ်မျက်နှာဘုရား ဓမ္မရက္ခိတတန်ဆောင်းအတွင်း၌ ခွဲတမ်းရရှိသည့် SIM Card ၁၁ ခုအား မဲနှိုက်၍ ပေါက်သူများအား ရောင်းချပေးမည်ဟု သိရှိရသည်။

ကိုကျော်(သုံးခွ)

သကြ်န်ပြီးကာလ ပခုက္ကူပဲမျိုးစုံ ဈေးကွက် ပုံမှန်ဈေးများနှင့် အရောင်းအဝယ်ဖြစ်ပေါ်

ပခုက္ကူ ဧပြီ ၁၉

သင်္ကြန်မတိုင်ခင် ပုံမှန်ဈေးနှင့် ရောင်းဝယ်နေကြသော ပခုက္ကူပဲမျိုးစုံဈေးကွက်သည် သင်္ကြန်အပြီး ခပ်အေးအေးဖြစ်နေကြောင်း သိရသည်။ သင်္ကြန်ပြီးချိန်ကာလကတော့ သည်လိုပါပဲ ဧပြီလကုန်နဲ့ မေလဆန်းပိုင်းမှာ ပဲဈေး၊ နှမ်းဈေးက တဖြည်းဖြည်း တက်လာတတ်ပါတယ်ဟု ပဲမျိုးစုံကုန်သည်ကြီးတစ်ဦးက ပြောသည်။ သင်္ကြန်အပြီး ရောင်းဝယ်နေသော ပဲမျိုးစုံဈေးနှုန်းများမှာ ပဲတီစိမ်းသေး တစ်တင်းငွေကျပ် ၂၁၀၀၀၊ ကုလားပဲ V_6- V_3တစ်တင်း ငွေကျပ် ၁၇၆၀၀၊ V_2 ကုလားပဲ ငွေကျပ် ၁၈၁၀၀၊ HL ကုလားပဲ ငွေကျပ် ၁၇၈၀၀၊ 929 ကုလားပဲ ငွေကျပ် ၁၇၇၀၀၊ ပဲစင်းငုံသစ် ငွေကျပ် ၂၁၇၀၀၊ ပဲဇီးကွက် ငွေကျပ် ၁၅၂၀၀၊ စွန်တာနီပဲ ငွေကျပ် ၁၄၇၀၀၊ CP ပြောင်း ငွေကျပ် ၇၁၀၀၊ ပဲပုပ်ငွေကျပ် ၁၇၃၀၀၊ မတ်ပဲ ငွေကျပ် ၁၅၅၀၀၊ ပဲနီပြား ငွေကျပ် ၁၆၀၀၀ နှုန်းဖြစ်ပေါ်နေသည်ဟု သိရသည်။ ပခုက္ကူ ပဲမျိုးစုံဈေးကွက်တွင် ဝင်ရောက်နေသော ကုလားပဲသီးနှံမှာ ချင်းတွင်း-ဧရာဆုံရာ ရေဝင်မြေများမှလည်းကောင်း၊ မြစ်ကမ်းဘေးဝဲယာနှင့် ကျွန်းသောင်ခုံဒေသများမှလည်းကောင်း ဝင်ရောက်နေကြောင်း သိရသည်။ ကုလားပဲကို ပခုက္ကူကြိတ်ခွဲသမားတွေက အများဆုံးဝယ်ယူကြတယ်။

ပဲဇီးကွက်ကိုတော့ မုံရွာ၊ မန္တလေး ကြာဆံစက်တွေက အများဆုံး ဝယ်ယူကြတယ်။ မတ်ပဲသီးနှံကျတော့ ပခုက္ကူဒေသမှာ အစိုက်နည်းတယ်ဟု ပွဲစားကြီးတစ်ဦးကပြောသည်။ ၂၀၁၀ ခုနှစ်သင်္ကြန်မတိုင်ခင် ပခုက္ကူပဲမျိုးစုံဈေးကွက် ဈေးနှုန်းများမှာ V_2 ကုလားပဲ ငွေကျပ် ၁၉၁၀၀၊ HL ကုလားပဲ ငွေကျပ် ၁၈၉၀၀၊ 929 ကုလားပဲ ငွေကျပ် ၁၈၇၀၀၊ ပဲစင်းငုံ ငွေကျပ် ၃၂၁၀၀၊ ပဲပုပ် ငွေကျပ် ၁၅၀၀၀၊ စွန်တာနီ ငွေကျပ် ၁၄၂၀၀၊ ပဲဇီးကွက် ငွေကျပ် ၁၄၈၀၀၊ CP ပြောင်း ငွေကျပ် ၆၃၀၀၊ မတ်ပဲ ငွေကျပ် ၂၇၀၀၀ ဈေးနှုန်းများနှင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

သိန်းနီမြို့၌ သက်ကြီးပူဇော်

သိန်းနီ ဧပြီ ၁၉

ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်) တွင် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ သိန်းနီမြို့ ရပ်ကွက် (၃)ရှိ ရွှေဘုန်းပွင့်ဓမ္မာရုံစေတီ၌ သိန်းနီမြို့ ဌာနဆိုင်ရာများနှင့် ထေရဝါဒနုဂ္ဂဟအသင်းမှ ဦးဆောင်၍ နဝမအကြိမ်မြောက် ဘိုးဘွားသက်ကြီးပူဇော်ပွဲ အခမ်းအနား ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအေး၊ သိန်းနီ SNDP ဥက္ကဋ္ဌ ဦးစိုင်းမြမောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကော်မတီဝင် ဒေါ်အယ်နန်ဆိုင်း၊ အင်န်အယ်လ်ဒီပါတီ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းအောင်လှ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ဘာသာရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိန်းနီမြို့နယ်အတွင်းရှိ အသက် (၈၀) နှင့် အထက် အဘိုး ၂၀၊ အဘွား ၄၄ ဦး စုစုပေါင်း ဘိုးဘွား ၆၄ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်၁၂၇၀၀ စုစုပေါင်း ၁၀၈၈၈၀၀ ကျပ် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးအတွက် အကောင်းဆုံးအစားအစာ (၁၀)မျိုး

သံပယိုသီး (Lemon)။ ။ ခန္ဓာကိုယ်မှာ နေ့စဉ်လိုအပ်နေတဲ့ ဗီတာမင်စီပမာဏကို ရာနှုန်းပြည့် ဖြည့်ဆည်းပေးနိုင်ပြီး ကောင်းသော ကိုလက်စထရော(HDL)အဆင့်သို့ရောက်အောင် ကူညီပေးနိုင်ပါတယ်။ အရိုးများကို ခိုင်မာစေတဲ့အပြင် ဝေဒနာများရောင်ရမ်းခြင်းမှ သက်သာစေနိုင်ပါတယ်။ ထို့ပြင် ကင်ဆာဆဲလ်များ ကြီးထွားမှုကိုလည်း ဟန့်တားနိုင်စွမ်းရှိပါတယ်။

ထောပတ်သီး (Avocado)။ ။ ဗီတာမင်စီနဲ့ ဗီတာမင်အီးအပြင် ကာရိုတီနွိုက်လူတင်း(Carotenoid Lutin) ပါဝင်လို့ မျက်လုံးကျန်းမာရေးကို အထူးကောင်းမွန်စေပါတယ်။ ဖိုလိတ်(Folate)ပါဝင်မှုနှုန်းမြင့်မားတဲ့အတွက်ကြောင့် နှလုံးရောဂါဖြစ်ပွားမှုကိုလျော့ကျစေနိုင်ပါတယ်။ လေ့လာမှုများအရ ထောပတ်သီးစားသုံးခြင်းသည် ကိုယ်အလေးချိန်ကိုလည်း လျော့ကျစေနိုင်ကြောင်း တွေ့ရပါတယ်။

သစ်ကြားသီး (Walnut)။ ။အိုမီဂါ-၃ ဖဲ့တီးအက်ဆစ် (Ome-ga- 3 Fatty acids) မြောက်မြားစွာပါဝင်တဲ့အတွက် သွေးတွင်းမကောင်းတဲ့ ကိုလက်စထရောကို လျှော့ချပေးနိုင်ပါတယ်။ စိတ်ခံစားမှုပိုမိုကောင်းမွန်စေတဲ့အပြင် ကင်ဆာတိုက်ဖျက်နိုင်စွမ်းလည်းရှိပါတယ်။ နေရောင်ခြည်ကြောင့်ဖြစ်ပွားတဲ့ ထိခိုက်ပျက်စီးမှုများမှ ကာကွယ်ပေးပြီး ကိုယ်အလေးချိန် လျော့ကျစေနိုင်တဲ့အပြင် မှတ်ဉာဏ်ကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။

အမည်းရောင်ချောကလက် (Dark Chocolate)။ ။နေ့စဉ် အနည်းငယ်စားသုံးပေးခြင်းဖြင့် သွေးဖိအားကိုလျော့ကျစေပြီး သွေးစီးဆင်းမှုကို ပိုမိုကောင်းမွန်စေပါတယ်။ အင်တီအောက်ဆီးဒင့် မြင့်မားစွာပါဝင်ခြင်းက(LDL) ခေါ် မကောင်းတဲ့ ကိုလက်စထရောကို လျှော့ချပေးပြီး ကောင်းသော ကိုလက်စထရော(HDL)အဆင့်သို့ရောက်အောင် တိုးမြှင့်ပေးနိုင်ပါတယ်။

အာလူး (Potato)။ ။ကစီဓာတ် အဓိကပါဝင်ပြီး ပရိုတင်းဓာတ် မြောက်မြားစွာပါဝင်ပါတယ်။ အယ်လ်ကာလီဆားဓာတ်နဲ့ ဗီတာမင်ဘီတို့အပြင် သင်နေ့စဉ်လိုအပ်နေတဲ့ ဗီတာမင်အေပမာဏကို ဖြည့်တင်းပေးနိုင်ပါတယ်။ ထို့ပြင် ကင်ဆာရောဂါကိုလည်း တိုက်ဖျက်နိုင်စွမ်းရှိပါတယ်။

ကြက်သွန်ဖြူ (Garlic)။ ။ယားနာအချို့ကိုဖြစ်စေသော ဗက်တီးရီးယားများနှင့် မှိုပိုးများ ပေါက်ဖွားမှုကို ဟန့်တားပေးနိုင်ပါတယ်။ ဗီတာမင်စီနဲ့ ဆယ်လီနီယမ်သတ္တုဓာတ်တွေပါဝင်ပြီး မကောင်းတဲ့ ကိုလက်စထရော (LDL)ကို လျှော့ချပေးပါတယ်။ သွေးဖိအားကို ထိန်းညှိပေးနိုင်ပြီး သွေးတိုးလည်း ကျစေနိုင်ပါတယ်။

အစိမ်းရောင်ပန်းဂေါ်ဖီ(Broccoli)။ ။နေ့စဉ်လိုအပ်နေတဲ့ ဗီတာမင်ကေနဲ့ ဗီတာမင်စီ ပမာဏရာနှုန်းပြည့် ပါဝင်ပြီး အရိုးတည်ဆောက်ရာတွင် လိုအပ်သော အာဟာရများလည်း ပါဝင်ပါတယ်။ ကင်ဆာရောဂါအများစုကိုလည်း မဖြစ်ပွားစေနိုင်ပါဘူး။ သံဓာတ်ပါဝင်တာကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် များများစားသုံးသင့်ကြောင်း အကြံပြုထားပါတယ်။

ဟင်းနုနယ်(Spinach)။ ။မျက်လုံး ကျန်းမာရေးအတွက် အရေးကြီးတဲ့ လူတင်း(Lutein)နဲ့ ဇီဇန်သင်း(Zeaxanthin)ဆိုတဲ့ အင်တီအောက်ဆီးဒင့်နှစ်မျိုးစလုံး ပါဝင်တာကြောင့် အမြင်အာရုံကို အကောင်းဆုံးအထောက်အကူပေးနိုင်ပါတယ်။ ဝက်ခြံနဲ့ အရေးကြောင်းဖြစ်ပွားမှုကို တွန်းလှန်ပေးပြီးအရေပြားကို ကျန်းမာစေပါတယ်။ မကြာသေးမီကပြုလုပ်ခဲ့သော စမ်းသပ်မှုများအရ ဟင်းနုနယ်သည် အခြားသော သီးနှံများကဲ့သို့ပင် ကင်ဆာရောဂါကို တိုက်ဖျက်နိုင်ကြောင်း သိရပါတယ်။

ပဲအမျိုးမျိုး(Beans)။ ။ပရိုတင်းဓာတ်မြင့်မားစွာပါဝင်ပြီး တစ်လမှာ လေးကြိမ်စားသုံးပေးရင် နှလုံးရောဂါဖြစ်ပွားမှုကို ၂၂ ရာခိုင်နှုန်း လျော့ကျသက်သာစေနိုင်ပါတယ်။ ရင်သားကင်ဆာ ဖြစ်ပွားမှုကိုလည်း လျှော့ချပေးပါတယ်။ အနက်ရောင် ပဲစေ့တွေမှာဆိုရင် အဖြူရောင်ပဲစေ့တွေထက် အင်တီအောက်ဆီးဒင့်ပမာဏ ပိုမိုများပြားစွာပါဝင်ကြောင်း သိရပါတယ်။

ဆော်လမွန်ငါး(Salmon)။ ။အိုမီဂါ-၃ ဖဲ့တီးအက်ဆစ် (Omega-3 Fatty acids)များပြားစွာ ပါဝင်ခြင်းကြောင့် စိတ်ကျရောဂါကို သက်သာစေပါတယ်။ နှလုံးနဲ့ ကင်ဆာရောဂါဖြစ်ပွားမှုကို လျှော့ချပေးပြီး အယ်ဇိုင်းမား (Alzheimer) လို မှတ်ဉာဏ်ပျောက်ဆုံးတဲ့ ရောဂါမျိုး မဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ပါတယ်။

ဘာသာပြန်-ဇင်ဇင်မင်းလွင်
ကိုးကား-အင်တာနက်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

Y.E.S. Since 1994
International English Language Centre
Basic Spoken English
Mon to Thurs-10:00-12:00am 22,29 Apr
Mon to Thurs-1:00-3:00 pm 22,29 Apr
Sat & Sun -3:00 - 6:00 Pm 27 Apr
Pre-Intermediate English
Mon to Thurs-10:30-12:30am 1 Apr
Mon to Thurs-5:00-7:00 pm 1 Apr
Sat & Sun - 12:30 - 3:30 Pm 27 Apr
Mon to Thurs-1:00-3:00pm 29 Apr
Intermediate English
Mon to Thurs-1:00-3:00pm 20 May
Grammar Foundation Course
Mon to Thurs- 1:00- 2:30 pm 1 Apr
Mon to Thurs- 3:30- 5:00 pm 29 Apr
Basic Writing Course
Mon to Thurs - 10:00-12:00 am 1 Apr
Sat & Sun - 3:45 - 6:15pm 27 Apr
Structure & Written Expression
Sat & Sun - 9:00-12:00 am 27 Apr
Mon to Thurs - 5:00-6:30pm 29 Apr
IELTS,IELTS (SPEAKING) ,SAT,API,AWC,TOEFL
No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. ☎ 243950

နိုင်ငံတကာသတင်း

❀ ကျောဖုံးမှ

ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။ သေဆုံးသွားသူ ဖောက်ခွဲရေးသမား၏ကိုယ်တွင် လက်ဖြစ်ဖောက်ခွဲရေးကိရိယာများချည်နှောင်ထားသည်ကို တွေ့ရခြင်းကြောင့် ထွက်ပြေးလွတ်မြောက်နေသူတွင်လည်း အလားတူချည်နှောင်ထားနိုင်ကြောင်း ရဲတပ်ဖွဲ့က သတိပေးထားသည်။

ဝါတာတောင်းမြို့ခံ တစ်ဦးက ၎င်း၏ အိမ်အနီးတွင် ဧပြီ ၁၉ ရက် နံနက်စောစောပိုင်းက ဖြစ်ပွားခဲ့သည့် ဘော့စ်တွန် မာရသွန်ဖောက်ခွဲရေးသမားများအဖြစ် မသင်္ကာသူနှစ်ဦးနှင့် ဝါတာတောင်း ရဲတပ်ဖွဲ့ဝင်များ၏ အပြန်အလှန်ပစ်ခတ်ပုံကို မျက်မြင်ပြောကြားခဲ့သည်။ မသင်္ကာသူနှစ်ဦးက မာစီးဒီး အက်စ်ယူဗွီအနက်ရောင်နှင့် ဆီဒင်ကားတစ်စီးတို့၏ အကြားတွင် နေရာယူထားကာ ၎င်းတို့နှင့်ကိုက် ၇၀၊ ၈၀ ခန့်အကွာတွင် ဝါတာတောင်းရဲတပ်ဖွဲ့မှကားခြောက်စီးက နေရာယူထားကြောင်း၊ အပြန်အလှန်ပစ်ခတ်မှုများ အတော်ကြာကြာ ဖြစ်ပွားခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးအနက်တစ်ဦးက အက်စ်ယူဗွီကားအတွင်း ဝင်ရောက်ချိန်တွင် ကျန်တစ်ဦးက ရဲတပ်ဖွဲ့ဝင်များထံ ဦးတည်ပြေးသွားရင်း မြေပြင်ပေါ် လဲကျသွားခဲ့ကြောင်း၊ အက်စ်ယူဗွီကားက တန်းစီပိတ်ဆို့ထားသည့် ရဲကားများဆီ တည့်တည့်မောင်းကာ လွတ်မြောက်သွားခဲ့ကြောင်း ၎င်း မျက်မြင်သက်သေက ပြောကြားခဲ့သည်။

ဗင်နီဇွဲလားရွေးကောက်ပွဲအား အသိအမှတ်မပြု

ဝါရှင်တန် ဧပြီ ၁၉

ပြီးခဲ့သည့် ဧပြီ ၁၄ ရက်ကကျင်းပခဲ့သော ဗင်နီဇွဲလားနိုင်ငံရွေးကောက်ပွဲတွင် သမ္မတအဖြစ် နီကိုလတ်မာဒူရိုအနိုင်ရရှိမှုအပေါ် အသိအမှတ်ပြုရန်အတွက် အမေရိကန်အစိုးရက ငြင်းဆိုလိုက်ကြောင်း ဧပြီ ၁၈ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါရွေးကောက်ပွဲရလဒ်သည် အမေရိကန်နိုင်ငံအနေဖြင့် ကျိုးကြောင်းညီညွတ်စွာ လက်သင့်ခံနိုင်သော အနေအထားမဟုတ်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားခဲ့ခြင်းဖြစ်သည်။

တောင်းဆိုခဲ့

မစ္စတာမာဒူရို၏ နှာတစ်ဖျားအသာ အနိုင်ရရှိမှုအပေါ် ပြိုင်ဘက်အတိုက် အခံခေါင်းဆောင် ကာပရီလက်စ်က မဲရလဒ် ပြန်လည်ရေတွက်ပေးရန် အပြင်းအထန်တောင်းဆိုခဲ့ပြီး တရားဝင်နည်းလမ်းတကျဖြစ်စေရန် စောဒက တက်ခဲ့သည်။ သို့သော် ဗင်နီဇွဲလားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ၎င်း၏တောင်းဆိုမှုအား ပယ်ချခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အတိုက်အခံခေါင်းဆောင် ကာပရီလက်စ်၏မဲပြန်ရေတွက်ပေးရန်တောင်းဆိုမှုအား ထောက်ခံလိုက်သည်။ **(ဘီဘီစီ)**

ကမ္ဘာ့အသက်ကြီးဆုံးအမျိုးသား အသက် ၁၁၆ နှစ်ပြည့် မွေးနေ့ပွဲ ကျင်းပ

တိုကျို ဧပြီ ၁၉

ဂျပန်နိုင်ငံမှ ကမ္ဘာ့အသက်ကြီးဆုံးအမျိုးသား ဂျာရိုမွန်းကီမူရာသည် ဧပြီ ၁၉ ရက်က အသက် ၁၁၆ နှစ်မြောက် မွေးနေ့ပွဲ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အသိအမှတ်ပြု

မစ္စတာကီမူရာအား ၁၈၉၇ ခုနှစ် ဧပြီ ၁၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် အသက် ၆၅ နှစ်တိုင်အောင် စာပို့သမားအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ယင်းနောက် သူသည်အသက် ၉၀ အထိ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းအဖွဲ့က ၎င်းအား ကမ္ဘာ့အသက်ကြီးဆုံးအမျိုးသားအဖြစ် အသိအမှတ်ပြုထားသည်။

သူသည် ဂျပန်နိုင်ငံအနောက်ပိုင်း ကျိုတန်ဂိုမြို့၌ နေထိုင်လျက်ရှိသည်။ ဂျပန်နိုင်ငံတွင် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဖြစ်သည့် အသက် ၁၁၅ နှစ်ရှိ မီဆောအိုကာဝါလည်း နေထိုင်လျက်ရှိသည်။ **(ဘီဘီစီ)**

အမေရိကန်ရေတပ်သင်္ဘော စင်ကာပူသို့ရောက်ရှိ

စင်ကာပူ ဧပြီ ၁၉

အမေရိကန်ရေတပ်သင်္ဘောတစ်စင်းသည် ဧပြီ ၁၈ ရက်က စင်ကာပူနိုင်ငံသို့ ရောက်ရှိလာသည်။ အမေရိကန်က အရှေ့တောင်အာရှဒေသစစ်ရေးတိုးမြှင့်မှုအစီအစဉ်အပိုင်းအဖြစ် စင်ကာပူသို့ ရောက်ရှိလာခြင်းဖြစ်သည်။ USS Freedom ဟု အမည်ပေးထားသော အဆိုပါစစ်သင်္ဘော**(အောက်ပုံ)**သည် အရှေ့တောင်အာရှတွင် ၁၀ လကြာ စခန်းချရပ်နားထားမည်ဟုဆိုသည်။ ၎င်းသင်္ဘောသည် စတုရန်း မိုင် ၄၈ သန်းကျော်ကျယ်ဝန်းသည့် ပစိဖိတ်ဒေသတွင် လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသော အမေရိကန်အမှတ်(၇) သင်္ဘောအုပ်စုနှင့် ပူးပေါင်းမည်ဖြစ်သည်။

လွှမ်းခြုံထား

၂၀၂၀ ခုနှစ်တွင် အမေရိကန်ရေတပ်အုပ်စု ၆၀ ရာခိုင်နှုန်းကို အာရှပစိဖိတ်ဒေသ၌ ဖြန့်ကြက်သွားမည်ဟုဆိုသည်။ အမေရိကန်အမှတ်(၇) သင်္ဘောအုပ်စုသည် တရုတ်နှင့်မြောက်ကိုရီးယားကဲ့သို့သော ကိုရီးယားကျွန်းဆွယ်အပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံကို လွှမ်းခြုံထားသည်။ **(ဘီဘီစီ)**

တောင်အာဖရိကတွင် ရှားပါးအပြာရောင်စိန်ကြီးတွေ့ရှိ

ကိတ်တောင်း ဧပြီ ၁၉

တောင်အာဖရိကနိုင်ငံရှိ သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုက ရှားပါးသောအပြာရောင်စိန်ကြီးကို နိုင်ငံအတွင်းရှိ သတ္တုတွင်းတစ်ခုမှ တူးဖော်ရရှိခဲ့ကြောင်း ဧပြီ ၁၉ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

၂၅ ဒသမ ၅ ကရက်ရှိ အဆိုပါအပြာရောင်စိန်ကို ပက်ထရာဒိုင်းမွန်းစိန်တူးဖော်ရေးကုမ္ပဏီက ၎င်းပိုင် ကူလီနမ်သတ္တုတွင်းမှ ရှာဖွေတွေ့ရှိခဲ့ပြီး အမြတ်များစွာရရှိလိမ့်မည်ဟု မျှော်လင့်ထားကြောင်း သတင်းတွင်ဖော်ပြထားသည်။

အဆိုပါ စိန်သည် အမေရိကန်ဒေါ်လာ ၁၀ သန်း(ပေါင် ၆ သန်း)ထက်မနည်း တန်ဖိုးရှိနိုင်ပြီး ယင်းတွေ့ရှိမှုသည် ပက်ထရာကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းကို မြှင့်တင်ပေးခဲ့ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ကူလီနမ်သတ္တုတွင်းမှ မကြာသေးမီနှစ်များက အလားတူတွေ့ရှိမှုများသည် အမြင့်ဆုံးဈေးနှုန်းရရှိခဲ့ပြီး ပက်ထရာကုမ္ပဏီအနေဖြင့် ဝယ်ယူသူများထံမှ စိတ်ဝင်စားမှုအမြင့်ဆုံးအဆင့်တစ်ခုကို မျှော်လင့်နေလျက်ရှိသည်။

“ဈေးကွက်သို့ရောက်ရှိလာမယ့် ၎င်းစိန်အရည်အသွေးနှင့် အရွယ်အစားကတော့ အတော့်ကိုထူးခြားပါတယ်”ဟု ပက်ထရာကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ ကာသေမာလင်းစ်က ပြောကြားခဲ့သည်။ ပရီတိုးရီးယားအရှေ့မြောက်ဘက်ရှိ အဆိုပါ သတ္တုတွင်းသည်ကြီးမားသော စိန်တုံးရာနှင့်ချီထုတ်လုပ်ခဲ့ပြီး အပြာရောင်စိန်များထုတ်လုပ်ရာတွင်လည်း ထင်ရှားကျော်ကြားလျက်ရှိသည်။

ပက်ထရာကုမ္ပဏီသည် ၂၀၀၉ ခုနှစ် မေလက ၂၆ ဒသမ ၆ ကရက်ရှိ အလားတူ အပြာရောင် စိန်ကြီးကို ရှာဖွေတွေ့ရှိခဲ့ပြီး လေလံတင် ရောင်းချရာ အမေရိကန်ဒေါ်လာ ၁၀ သန်းဈေးရရှိခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

နေတိုးနှင့် ဂျပန်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မည်

တိုကျို ဧပြီ ၁၉

နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် အင်ဒက်စ်ရက်စ်မူဆင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တိုကျိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဧပြီ ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

အကြမ်းဖက်မှုများခြိမ်းခြောက်မှုများ အစုအပြုံလိုက်သေစေနိုင်သောလက်နက်များ ကာကွယ်ဟန့်တားရေးဆိုင်ရာကိစ္စများနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နှစ်ဦးနှစ်ဖက် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို နီးနီးကပ်ကပ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့်လုံခြုံရေးပူးတွဲလုပ်ဆောင်မှုတိုးမြှင့်ရန်တို့ကို အလေးထားဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ် ရာ၌ ဂျပန်နှင့်နေတိုးတို့၏ အပြန်အလှန်ဆက်ဆံရေးခြေလှမ်းသစ်တစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်အာဘေးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်နှင့်နေတိုးအတွင်းရေးမှူးချုပ်တို့သည် နိုင်ငံတကာလုံခြုံရေးကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

အစ္စရေးနဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်

မောင်မဟာ

အမေရိကန်က အစ္စရေးနိုင်ငံရဲ့ ဒုံးကျည်ကာကွယ်ရေးအတွက် ငွေကြေးသုံးစွဲမှုကို တိုးမြှင့်ကူညီပေးဖို့ ဆုံးဖြတ်ပြီးတဲ့နောက်မှာ အစ္စရေးနိုင်ငံတောင်ပိုင်းကို ဆိုင်းနိုင်းကျွန်းဆွယ်ဘက်ကနေ ပစ်ခတ်လိုက်တဲ့ဒုံးကျည်နှစ်စင်း ကျရောက်ပေါက်ကွဲမှုဖြစ်ခဲ့ပါတယ်။

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ဘက်ကနေပြီး ဧပြီ ၁၇ ရက်က ပစ်ခတ်လိုက်တဲ့ ဒုံးကျည်နှစ်စင်းဟာ အစ္စရေးနိုင်ငံတောင်ပိုင်း အီလက်အပန်းဖြေစခန်းကို ထိမှန်ခဲ့ပေမယ့် ထိခိုက်မှုနဲ့ သေဆုံးဒဏ်ရာရမှုတွေ မဖြစ်ပေါ်ခဲ့ပါဘူး။

အီဂျစ်တို့ကတော့ ဆိုင်းနိုင်းကျွန်းဆွယ်ဘက်က ဒုံးကျည်ပစ်ခတ်မှုတွေရှိခဲ့တယ်ဆိုတာကို ငြင်းဆိုခဲ့ပြီး အတည်မပြုနိုင်ဘူးလို့ အီဂျစ်လုံခြုံရေးအရာရှိတွေက ပြောကြားနေပါတယ်။ ဆိုင်းနိုင်းကျွန်းဆွယ်ဟာ အစ္စရေးနဲ့ ဂါဇာကမ်းမြောင်ဒေသတွေရဲ့ နယ်နိမိတ်တွေနဲ့ ဆက်စပ်မှုရှိနေတဲ့ဒေသဖြစ်ပြီး အီဂျစ်တို့က ထိန်းချုပ်ထားတဲ့ ဒေသလည်းဖြစ်ပါတယ်။

အစ္စရေးတို့ကတော့ အဲဒီလို ဒုံးကျည်တွေကျရောက်တဲ့ နယ်မြေဝန်းကျင်မှာရှိတဲ့ လေဆိပ်ကိုပိတ်ထားလိုက်ပြီး ဒေသခံတွေကိုလည်း လုံခြုံစိတ်ချရတဲ့နေရာတွေမှာ နေထိုင်ကြဖို့နဲ့ အိမ်ပြင်မထွက်ကြဖို့ တိုက်တွန်းသတိပေးထားပါတယ်။

အစ္စရေးတို့ဟာ အဲဒီအစ္စရေးတောင်ပိုင်းမှာ အမေရိကန်အကူအညီနဲ့ ဒုံးပျံကာကွယ်ရေးစနစ်တွေ တပ်ဆင်ဖြန့်ချထားမှုကို ပြီးခဲ့တဲ့မတ်လက အကောင်အထည်ဖော်ဆောင်ရွက်ထားခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် အခုလို ဆိုင်းနိုင်းကျွန်းဆွယ်ဘက်က ပစ်ခတ်လိုက်တဲ့ဒုံးကျည်နှစ်စင်းကိုတော့ တားဆီးဟန့်တားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဖြည့်ဆည်းဖို့ လိုအပ်နေပြီဖြစ်တယ်လို့ အစ္စရေးတို့က ပြောကြားပါတယ်။

ဆိုင်းနိုင်းကျွန်းဆွယ်ဘက်ကနေပြီး ၂၀၁၂ ခုနှစ် ဧပြီလကလည်း အစ္စရေးတောင်ပိုင်း အီလက်မြို့ကို ဒုံးကျည်တစ်စင်း ပစ်ခတ်ခဲ့သလို ၂၀၁၂ ခုနှစ် ဩဂုတ်လကလည်း ဒုံးကျည်တစ်စင်း ပစ်ခတ်ခံခဲ့ရပါသေးတယ်။ ဒါကြောင့် အစ္စရေးတို့အတွက် ဒုံးကျည်ကာကွယ်ရေးစနစ်ဟာ လိုအပ်နေတာဖြစ်လို့ အမေရိကန်တို့က အလေးထားကူညီပေးရန် ဆောင်ရွက်နေတာဖြစ်ပါတယ်။

အစ္စရေးတို့ဟာ ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသက လက်နက်ကိုင်တွေရဲ့ ဒုံးကျည်နဲ့ပစ်ခတ်မှု၊ အီရန်တို့ရဲ့ ဒုံးကျည်ခြိမ်းခြောက်မှုနဲ့ လက်ဘနွန်၊ ဆီးရီးယားတို့အပြင် အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ဘက်က ပစ်ခတ်တဲ့ ဒုံးကျည်တွေရဲ့ ရန်က ကာကွယ်ဖို့အတွက် ဒုံးပျံကာကွယ်ရေးစနစ်တွေ ဖြန့်ချထားပေမယ့် စိတ်ချရမှုအနေအထားမရှိသေးပါဘူး။

ဒါကြောင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက လာမယ့် နှစ်နှစ်အတွင်းမှာ အစ္စရေးနိုင်ငံရဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်မှာ အမေရိကန်ဒေါ်လာသန်း ၄၀၀ခန့် ကူညီထောက်ပံ့ပေးသွားဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်။ ဒီလို ကူညီတဲ့နေရာမှာ ၂၀၁၄ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်မယ့် ဘဏ္ဍာရေးနှစ်အတွက် အစ္စရေးဒုံးကျည် ကာကွယ်ရေးစနစ်မှာ အမေရိကန်ဒေါ်လာ သန်း ၂၂၀ ခွင့်ပြုပေးမှာဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၅ခုနှစ်မှာတော့ အမေရိကန် ဒေါ်လာ ၁၇၅ဒသမ ၉ သန်း ကူညီပေးမှာဖြစ်တယ်လို့ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတွေက ပြောကြားနေတာမို့ အစ္စရေးတို့ရဲ့ ဒုံးကျည်ကာကွယ်ရေးစနစ် ဘယ်လောက်အထိ တိုးတက်လာမလဲဆိုတာ တွေ့မြင်ရမှာဖြစ်ပါတယ်။

အရက်သောက်သူများ လေ့ကျင့်ခန်းလုပ်ရန်လိုအပ်

အေရိုးဗစ်လေ့ကျင့်ခန်းပြုလုပ်ခြင်းက အရက်သောက်များ၏ ဦးနှောက်ပျက်စီးမှုကို လျော့ကျစေနိုင်ကြောင်း ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသနပြုလေ့လာမှုတစ်ခုကို ဧပြီ ၁၈ ရက်က Medical News Today သတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

ပြေးခြင်း၊ စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်းနှင့် အေရိုးဗစ်ပုံမှန်ကစားခြင်းတို့သည် အရက်အလွန်အကျွံသောက်ရာမှ ဖြစ်ပေါ်တတ်သော ဦးနှောက်အတွင်းပိုင်း (White Matter)ပျက်စီးမှုကို လျှော့ချပေးနိုင်ကြောင်း သုတေသီတို့က ဆွေးနွေးထားကြသည်။

ကူးလူးဆက်သွယ်ပေး

ဦးနှောက်အတွင်းပိုင်း (White Matter)သည် ဦးနှောက်နာ့ဗ်ဆဲလ်များ ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၄င်းတို့သည် ဦးနှောက်တွင်း သိရှိတုံ့ပြန်မှုကဲ့သို့သော အာရုံခံစားမှုတို့ကြား ကူးလူးဆက်သွယ်ပေးသော ပေါင်းကူးများဖြစ်သည်ဟု စိတ်ပညာ၊ ဦးနှောက်နှင့် အာရုံကြောသိပ္ပံပညာဘာသာရပ်အား လေ့လာနေသူ ဒေါက်တာ ဟိုလက်စ်ကာအိုလီက ဆိုထားသည်။

လှုပ်ရှားမှုနှေးကွေး

"အရက်အလွန်အကျွံသောက်ပြီး လေ့ကျင့်ခန်းများများ လုပ်ဖြစ်တယ်ဆိုတဲ့သူတွေကို လေ့လာလိုက်တဲ့အခါမှာ အရက်ကြောင့် ဦးနှောက်အတွင်းပိုင်း ဆောင်ရွက်မှု၊ လှုပ်ရှားမှုတွေ အလွန်ကွာခြားမနေပါဘူး။ ဒါပေမယ့် အရက်များများသောက်ပြီး လေ့ကျင့်ခန်းမလုပ်တဲ့သူတွေမှာတော့ ဦးနှောက်အတွင်းပိုင်း အလုပ်လုပ်မှု ထုံထိုင်းလျော့ကျနေတာ၊ အရင်ထက်လှုပ်ရှားမှုနှေးကွေးတာတွေကို တွေ့ခဲ့ရပါတယ်"ဟု ဒေါက်တာက ပြောကြားခဲ့သည်။

အဆိုပါ လေ့လာမှုသည် အမျိုးသမီး ၂၃ ဦးနှင့် အမျိုးသား ၃၇ ဦးပါ လူဦးရေ ၆၀ အား ၄င်းတို့ အရက်အလွန်အကျွံသောက်သည့်အခါ ဖြစ်ပေါ်လာသည့် ဦးနှောက်တွင်းပိုင်းပြောင်းလဲမှုကို စောင့်ကြည့်သုတေသနပြုထားခြင်းပင်ဖြစ်သည်။

မြတ်မွန်ထွေး-ရေးသားသည်

ကမ္ဘာနှင့်အနီးစပ်ဆုံးတူညီသော ဂြိုဟ်သစ်နှစ်ခုတွေ့ရှိ

နေခြည်-ရေးသားသည်

သက်ရှိလူသားများ အသက်ရှင်နေထိုင်နိုင်ရန် သင့်တော်သော ဂြိုဟ်သစ်နှစ်ခုကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြောင်း ဧပြီ ၁၉ ရက်က ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

ရင်ခုန်စိတ်လှုပ်ရှားဖွယ်

ဂြိုဟ်သစ်နှစ်ခုကို တွေ့ရှိသူ သိပ္ပံပညာရှင်များသည် အမေရိကန်အခြေစိုက် အာကာသအေဂျင်စီတစ်ခုဖြစ်သော နာဆာအာကာသအေဂျင်စီမှ သိပ္ပံပညာရှင်များဖြစ်ကြသည်။ ၄င်းတို့က အဝေးကြည့်မှန်ပြောင်း ကတ်ပလာကို အသုံးပြုကာ ရှာဖွေတွေ့ရှိခဲ့ကြခြင်းပင်ဖြစ်သည်။ ၄င်းတို့၏ ဂြိုဟ်သစ်နှစ်ခု ရှာဖွေတွေ့ရှိမှုကို သိပ္ပံမဂ္ဂဇင်းတွင် ရေးသားဖော်ပြထားပြီး ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းသော တွေ့ရှိမှုတစ်ခုဖြစ်သည်ဟု ဆိုထားသည်။

သင့်လျော်သောအနေအထားရှိ

နေနှင့်အလားသဏ္ဍာန်တူပြီး နေထက်ပို၍အေးမြကာ ပို၍သက်တမ်းကြာသော ကတ်ပလာ ၆၂ဟု ခေါ်သည့် ကြယ်တစ်လုံးကို ဂြိုဟ်ငါးလုံးပါ အုပ်စုတစ်စုက လှည့်ပတ်နေခြင်းဖြစ်သော်လည်း အဆိုပါဂြိုဟ်နှစ်လုံးကမူ အထင်ရှားဆုံးဖြစ်သည်။ ၄င်းဂြိုဟ်နှစ်လုံးသည် ကမ္ဘာဂြိုဟ်နှင့်လည်း အတူဆုံးဖြစ်ကာ အရွယ်အစား၊ အပူချိန်တို့မှာလည်း သက်ရှိများအတွက် သင့်လျော်သော အနေအထားတွင်ရှိသည်ဟုဆိုကြသည်။ သို့သော် ၄င်းဂြိုဟ်တို့၏ မြေမျက်နှာပြင်အနေအထား၊ ရေရရှိနိုင်မှု၊ သက်ရှိများရှင်သန်နိုင်သော လေထုရှိမရှိ စသည်တို့ကို လေ့လာရန်လိုပါသေးသည်ဟု သိပ္ပံပညာရှင်များက ဆက်လက်ပြောကြားထားသည်။

နိုင်ငံတကာသတင်း

မြောက်ကိုရီးယားနှင့်ဆွေးနွေးရေး အမေရိကန်ငြင်းဆို

ကိုရီးယားကျွန်းဆွယ် တင်းမာမှုဖြေရှင်းရေး မြောက်ကိုရီးယားအခြေအနေ ဆွေးနွေးရေးကိစ္စကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ငြင်းဆိုလိုက်ကြောင်း ဧပြီ ၁၉ ရက်တွင် ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။ "ဒါဟာ ပထမဆုံးသော စေ့စပ်ဆွေးနွေးရေးစကားပါပဲ။ ကျွန်တော်တို့ဘက်ကစပြီး ဆွေးနွေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး" ဟု ဂျွန်ကယ်ရီက ဆီးနိတ်နိုင်ငံခြားဆက်ဆံရေးကော်မတီတွင် ဧပြီ ၁၈ ရက်က ပြောကြားလိုက်သည်။ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက မြောက်ကိုရီးယား၏ တောင်းဆိုမှုအပေါ် ပယ်ချလိုက်ပြီးနောက် ဂျွန်ကယ်ရီက အထက်ပါအတိုင်းမှတ်ချက်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။ ထိုနေ့စောစောပိုင်းက အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုချက်ချင်းရပ်တန့်ပြီး ကုလသမဂ္ဂအရေးယူ ပိတ်ဆို့မှု ရုပ်သိမ်းပေးလျှင် စေ့စပ်ဆွေးနွေးမည်ဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောကြားခဲ့သည်။

....

မူဘာရက်အား ပြန်လည်ရုံးထုတ်စစ်ဆေးမည်

အီဂျစ်နိုင်ငံ၏ ရာထူးမှဖြုတ်ချခံရသော အာဏာရှင်ဟောင်း ဟိုစ့်နီမူဘာရက်အား လာမည့်မေ ၁၁ ရက်တွင် ပြန်လည်ရုံးထုတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း တရားရုံး သတင်းရပ်ကွက်က ပြောကြားသည်။ မူဘာရက်အား ၂၀၁၁ ခုနှစ်က ဆန္ဒပြသူများအား သတ်ဖြတ်ခဲ့မှုဖြင့် ကိုင်ရိုမြို့မြောက်ပိုင်း ရာဇဝတ်မှုခင်းတရားရုံး၌ရုံးထုတ် စစ်ဆေးသွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ဧပြီ၁၇ ရက်တွင် ပြောကြားလိုက်သည်။ မူဘာရက်၏ ပြည်ထဲရေးဝန်ကြီး ဟာဘစ်အယ်လ်အော်ဒလေနှင့် လုံခြုံရေးအကြီးအကဲ ခြောက်ဦးတို့ကိုလည်း ရုံးထုတ်စစ်ဆေးမည်ဟုဆိုသည်။ ယင်းတို့သည် ၂၀၁၁ ခုနှစ်အတွင်း မူဘာရက်ဖြုတ်ချရေး ဆန္ဒပြလူအုပ်ကို ဖြိုခွင်းခဲ့ရာ ဆန္ဒပြသူ ၉၀၀ သေဆုံးမှုဖြင့် တရားစွဲခံထားရသည်။ မူဘာရက်နှင့်သူ၏ ပြည်ထဲရေးဝန်ကြီးသည် သေဒဏ်ပေးခံထားရသည်။ သို့သော်လည်း မူဘာရက်က သေဒဏ်ပေးခြင်းမှ လျှော့ပေါ့ပေးရန် လျှောက်လဲချက်ကို တရားရုံးကလက်ခံထားသဖြင့် ပြန်လည်စစ်ဆေးရန် အမိန့်ထုတ်ပြန်ခဲ့သည်။

....

ဆီးရီးယားပြည်သူ ခုနစ်သန်းနီးပါး အကူအညီများလိုအပ်နေ

ဆီးရီးယားနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်မြင့်တက်နေသကဲ့သို့ လူပေါင်းခုနစ်သန်းနီးပါးမှာလည်း လူသားချင်းစာနာသည့် အကူအညီများလိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂကပြောကြားလိုက်သည်။ အကြမ်းဖက်ဖြစ်ပွားရာဒေသများနှင့် အတိုက်အခံတို့၏ ထိန်းချုပ်ဒေသတို့၌ လူသားချင်းစာနာသည့် အကူအညီများ လျင်မြန်စွာလိုအပ်နေကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အောက်ရှိ လူသားချင်းစာနာကူညီမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး ဗယ်လာရီအာမို့စ်က ဧပြီ ၁၈ ရက်တွင် လုံခြုံရေးကောင်စီအစည်းအဝေး၌ ပြောကြားသည်။ နိုင်ငံ၏လူဦးရေ ၂၀ ဒသမ ၈ သန်း တွင် ၆ ဒသမ ၈ သန်းမှာ လူသားချင်းစာနာရေး အကူအညီများ လိုအပ်နေကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။

မြင့်မောင်စိုး-စုစည်းသည်

ဂျင်နီဖာလောရင့်နှင့် ဘရက်ဒလေကူးပါး MTV ရုပ်ရှင်ထူးချွန်ဆုများဆွတ်ခူး



ဟောလိဝုဒ်နာမည်ကြီး ရုပ်ရှင်မင်းသားဖြစ်သည့် ဘရက်ဒလေကူးပါးနှင့် ရုပ်ရှင်မင်းသမီး ဂျင်နီဖာလောရင့်တို့သည် MTV ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အကောင်းဆုံး ရုပ်ရှင်ထူးချွန်ဆုများ ဆွတ်ခူးရရှိခဲ့သည်။ ဘရက်ဒလေကူးပါးသည် အဆိုပါ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် Silver Linings Playbook ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသား ရုပ်ရှင်ထူးချွန်ဆုဆွတ်ခူးခဲ့သည်။ ယင်းဇာတ်ကားဖြင့် ဂျင်နီဖာလောရင့်ကလည်း အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု ဆွတ်ခူးရရှိခဲ့သည်။

"ဂျင်နီဖာလောရင့်ဟာ ဒီဆုပေးပွဲကို တစ်ကြိမ်မျှမရောက်ဖူးတဲ့သူပါ။ ဒါပေမယ့် အကြီးမားဆုံးသောဆုကို နမ်းခွင့်ရရှိသွားပါပြီ"ဟု ယင်းဆုကို ဒုတိယအကြိမ်ဆွတ်ခူးခဲ့သည့် ကူးပါးကပြောသည်။ ယင်းဆုပေးပွဲတွင် ဒါရိုက်တာ ဂျော့ဝီဒန်က Avengers Assenmble ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာဆု ဆွတ်ခူးရရှိသွားခဲ့သည်။ **(ဘီဘီစီ)**

အာကာကျော်-ရေးသားသည်

ဆောင်းပါး

တန်ဖိုးရှိလှ လူ့ဘဝ မူးယစ်ကင်းစင်မှ

ခင်မောင်ထွန်း(လမ်းမတော်)

လာမည့် ဇွန်လ ၂၆ ရက်နေ့တွင် **"အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့"** ကျရောက်တော့မည်ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီး၌ ကိုယ့်နိုင်ငံ ကိုယ့်အစီအစဉ်အရ မူးယစ်ကင်းစင်ရေးအတွက် တိုက်ဖျက်နေကြသကဲ့သို့ အခမ်းအနားများကို ကျင်းပကြရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံကလည်း ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က နှစ်စဉ်ကျင်းပမြဲအတိုင်း ကျင်းပရန် စီစဉ်လျက်ရှိသကဲ့သို့ မူးယစ်ကင်းစင်ရေးအတွက် (၁၆)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီကာတွန်း၊ ပိုစတာပြိုင်ပွဲ၊ လှုံ့ဆော်သည့်ပွဲများကို မြန်မာတစ်နိုင်ငံလုံး ကျင်းပသွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

ယခုနှစ် ပြိုင်ပွဲဝင်ရမည့် ဦးတည်ဆောင်ပုဒ်များမှာ "ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးရှောင်ကြစို့"၊ "Thank Health, Not Drugs"၊ "အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး"၊ "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်"၊ "တန်ဖိုးရှိလှ လူ့ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ"၊ "မင်းဘဝ မင်းမိဘစု ပတ်ဝန်းကျင် လှပလဲ့ခြိမ့်ဖို့ မူးယစ်ဆေးကို ရှောင်ကြစို့" စသည်တို့ဖြစ်ပါသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသော နိုင်ငံများအားလုံး အပါအဝင် ကမ္ဘာကြီးတစ်ခုလုံးကို ခြောက်လှန့်နေပါသည်။ မူးယစ်ဆေးဝါး သုံးစွဲမိပါက မူးယစ်ဆေးစွဲရောဂါ စသည်များ (ဘိန်းစား)ဖြစ်လာပါမည်။ မူးယစ်ဆေးစွဲရောဂါသည် "အဖန်တလဲလဲ ပြန်လည်စွဲကပ်တတ်သော နာတာရှည်ရောဂါ" (Chronic Relapsing Disease) ဟု ဆေးပညာရှင်များက ဆိုပါသည်။

ကမ္ဘာ့နိုင်ငံတိုင်းသည် အနာဂတ်တွင် နိုင်ငံကို လက်လွှဲတာဝန်ယူမည့် လူငယ်လူရွယ်များနှင့် လူသားများကို မူးယစ်ဆေးဝါးသုံးစွဲသူများအဖြစ် ဝါးမျိုခံရပါက လူသားအရင်းအမြစ်များဆုံးရှုံးကာ တိုင်းပြည်ကာကွယ်ရေး၊ ထူထောင်ရေး၊ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့ကို ဦးဆောင်မှုပြုနိုင်တော့ဘဲ လူရာမဝင်သော ဘိန်းစားများလက်ဝယ် ရောက်ရှိသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်မှု၊ သုံးစွဲမှုများကို ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် အရေးယူနှိမ်နင်းလျက်ရှိကြသည်။

ယခုအခါတွင် မြန်မာနိုင်ငံမှလည်း မူးယစ်ကင်းစင်ရေးမှသည် ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတကာအကူအညီများ၊ အိမ်နီးချင်း အာဆီယံနိုင်ငံများ၊ ရည်ရွယ်ချက်တူ အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ၍ စီမံချက်များ ရေးဆွဲ၍လည်းကောင်း၊ အားသွန်ခွန်စိုက်အရှိန်မြှင့်ကာ အမျိုးသားရေးအမြင်ဖြင့် တိုက်ဖျက် ဆောင်ရွက်လျက်ရှိနေသည်ကို ပြည်သူများ သိရှိကြမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှိမ်နင်းရေးအထူးအဖွဲ့များကို အခြားစပ်ဆိုင်သော နိုင်ငံတကာများ၊ ပြည်တွင်းဌာနများနှင့် ပူးပေါင်းဖွဲ့စည်းနှိမ်နင်းလျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဝန်ကြီးဌာနတို့မှလည်း "မူးယစ်ဆေးစွဲရောဂါ ကုသရေးလုပ်ငန်းများ" မူးယစ်ဆေးစွဲရောဂါသည်များကို လူ့အသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ရောက်လာနိုင်ရန် "ပြန်လည်ထူထောင်ရေးစခန်းများ" (လူငယ်ပြုပြင်ရေးစခန်းများ) စသည်တို့ ဖွင့်လှစ်၍ ထိရောက်စွာ ပြုစုကုသပျိုးထောင်ပေးလျက်ရှိသည်။

မူးယစ်ဆေးဝါး စိုက်ပျိုးခြင်းမပြုရန် အစားထိုးသီးနှံများ စိုက်ပျိုးရေးအတွက် ကွင်းဆင်းစစ်ဆေး ပညာပေးထောက်ပံ့ ဆောင်ရွက်ပေးနေသကဲ့သို့ ထုတ်လုပ်ရောင်းချခြင်းများကိုလည်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးထားသော ပူးပေါင်းအထူးအဖွဲ့၊ ပူးပေါင်းထားသော အခြားဌာနဆိုင်ရာများ၊ မြန်မာ့တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်သူများအကူအညီနှင့် ထိရောက်စွာဖျက်ဆီးခြင်း၊ အရေးယူဖော်ထုတ်ခဲ့ကြပြီး သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးမျိုးစုံကို ကုလသမဂ္ဂ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာသံတမန်များ၊ မီဒီယာများ ရှေ့တွင် နှစ်စဉ် မီးရှို့ဖျက်ဆီးပြကာ နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို သက်သေပြခဲ့ပါသည်။

ယခုအခါ မူးယစ်ဆေးဝါး အလွဲသုံးမှုများကို ပြည်သူတစ်ရပ်လုံးက ဆန့်ကျင်ကာ မူးယစ်ကင်းစင်သည့် နိုင်ငံအဖြစ် နိုင်ငံတော်အစိုးရက တည်ဆောက်နေချိန်တွင် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော လူမှုရေးအသင်းကြီး တစ်သင်းဖြစ်သည့် "မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း" ကြီးကလည်း ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် နိုင်ငံတကာမူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ရည်ရွယ်လျက် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကျပန်းစကားပြိုင်ပွဲများကို အသင်းကြီးတည်ရှိရာ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ "မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး"အသင်း ရုံးချုပ်ကြီး၌ ဧပြီလ တွင် စတင်ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (Myanmar Anti-Narcotics Association)ကို အတိုကောက်ပြု၍ (MANA) မာနာဟု အတိုကောက်ခေါ်ကြသည်။ (မာနာ)သည် မူးယစ်ဆေးဝါး အလွဲသုံးမှုများဖြစ်စေရန် ပညာပေး၍ ကူညီစောင့်ရှောက်နေသော အသင်းကြီးဖြစ်သည်။ ပြည်တွင်း၊ ပြည်ပမှ ရည်ရွယ်ချက်တူသော အသင်းအဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည်။

(မာနာ)အသင်းကြီး၏ မျှော်မှန်းချက်မှာ "မူးယစ်ဆေးဝါးကင်းစင်သောလူ့အဖွဲ့အစည်း" ဖြစ်ပေါ်လာစေရန်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်နွယ်နေသော ကူးစက်ရောဂါများ လျော့နည်းရေး (Harm Reduction) စသည်တို့ကို ဆောင်ရွက်နေသည့်အပြင် မူးယစ်ဆေးဝါးအလွဲသုံးရာမှ ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးဖြစ်သော HIV/AIDS သည် ကူးစက်ရောဂါဆိုးများ ဖြစ်ပွားခြင်းမှ လျော့နည်းသွားစေရန် တို့မှ ရပ်တန့်သွားသည်အထိ ပညာပေးခြင်း၊ အကူအညီပေးခြင်း၊ လူ့အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့လာစေရန် ပျိုးထောင်ပြုစုပေးခြင်း စသည်တို့ကိုလည်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များအထိ ဖွဲ့စည်းထားသည့် အဖွဲ့များက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြားရပ်ရွာလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျယ်ပြန့်စွာ ပညာပေးဆောင်ရွက်လျက်ရှိသည်။

(မာနာ)အသင်းကြီးသည် "မူးယစ်ဆေးဝါးအလွဲသုံးသူများနှင့် ဆက်နွယ်ပါဝင်ပတ်သက်သူများ"ကို ဖမ်းဆီးအရေးယူသည့် အဖွဲ့ကြီးမဟုတ်ဘဲ အလွဲသုံးမှုလျော့နည်း၍ ဆေးဖြတ်သွားစေရန်နှင့် ပြန်လည်ထူထောင်ပေးရန် ဖော်ပြခဲ့သည့်အတိုင်း ပညာပေး ကူညီဆောင်ရွက်ပေးနေသော ပညာပေးအဖွဲ့ကြီး ဖြစ်သည်။

(မာနာ)အသင်းကြီး ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌအပါအဝင် ဗဟိုအမှုဆောင်များသည် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအရာရှိများ၊ အငြိမ်းစားဆရာဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ ကျွမ်းကျင်သော ပညာရှင်ကြီးများ၊ အများလေးစားလောက်သော ပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းထားသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်/မြို့နယ်များတွင်လည်း အလားတူ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အဖွဲ့အစည်းတို့နှင့် ပူးပေါင်း၍ "မူးယစ်ဆေးဝါးဆန့်ကျင်ရေး" ဆက်သွယ်ရေးအရာရှိ Amtassator များအဖြစ် အကယ်ဒမီ လူမင်း၊ တေးသံရှင် ဖြူဖြူကျော်သိန်း၊ သရုပ်ဆောင်နှင့် တေးသံရှင် ချစ်သုဝေ၊ ဇာတ်မင်းသား မိုးစက်တို့က စိတ်ပါဝင်စားစွာ ပါဝင်ကူညီခဲ့ကြပြီး မြို့နယ်များ၊ ကောလိပ်များ၊ တက္ကသိုလ်များ၌ "မူးယစ်ဆိုးကျိုးနဲ့ ရှောင်ရှားကြဖို့"ကို အတွေ့အကြုံများနှင့် ဟောပြောပေးခဲ့သည်။ ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ (မာနာ)တွင် ပါဝင်သူအားလုံး စေတနာ့ဝန်ထမ်းများအဖြစ် နိုင်ငံနှင့်လူမျိုးအတွက် အမျိုးသားရေးအမြင်ဖြင့် ပါဝင်ကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် လူငယ်အားလုံး မာနာအဖွဲ့ကြီးသို့ ဝင်ရောက်ကြ၍ မူးယစ်ကင်းစင်ရေးကို တိုက်ပွဲဝင်ကြ စေချင်ပါသည်။

မူးယစ်ဆေးဝါးသည် ဘိန်းနှင့် ဓာတုဗေဒ ဆေးဝါးများမှ ပေါင်းစပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံသည် ဘိန်းကင်းစင်သော နိုင်ငံအဖြစ် ရပ်တည်ခဲ့ရမှ ကိုလိုနီနယ်ချဲ့များကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်ရာ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ရသည်။ ဘိန်းနှင့် မူးယစ်ဆေးဝါးကို သုံးစွဲထုတ်လုပ်ရောင်းချပါက မြန်မာဘုရင်များ လက်ထက်ကပင် အဆုံးစီရင်သည်အထိ အပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း တွေ့ရသည်။ ခေတ်အဆက်ဆက်တွင် ထိုစဉ်က အစိုးရများသည်လည်း ဥပဒေ၊ နည်းဥပဒေများထုတ်၍ ထိရောက်စွာတားဆီးနှိမ်နင်း ကာကွယ်ခဲ့သည်။ အထူးသဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်တွင် တရုတ်ဖြူ ကူမင်တန်များ မြန်မာပြည်အရှေ့မြောက်နှင့် အရှေ့ခြမ်းသို့ ကျူးကျော်ဝင်ရောက်လာခဲ့စဉ်က ဘိန်းစိုက်ပျိုးရောင်းဝယ်/ထုတ်လုပ်ခြင်းများကို ၄င်းတို့ကိုယ်တိုင် ဦးစီးဆောင်ရွက်ခဲ့ကြသည်။

ထိုစဉ်က မြန်မာ့တပ်မတော်သည် တိုင်းရင်းသားများ၏ အကူအညီဖြင့် ကျူးကျော်သူများကို မြန်မာ့မြေပေါ်မှ မောင်းထုတ်ရန် စစ်ဆင်ရေးကြီးများ အကြိမ်ကြိမ် ပြုလုပ်ရှင်းလင်းခဲ့သကဲ့သို့ ဘိန်းစစ်ဆင်ရေးကြီးများကိုလည်း အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာ တပ်မတော်သားများ အသက်သွေးချွေးများကိုရင်း၍ ကျူးကျော်သူများကို မောင်းထုတ်နိုင်ခဲ့သည်။ သွားလာမှုခက်ခဲသော နယ်စပ်ဒေသများတွင် ၄င်းတို့၏ ကာကွယ် အားပေးမှုဖြင့် စိုက်ပျိုးခဲ့သော ဘိန်းခင်းများ၊ ထုတ်လုပ်သော စက်ရုံများကို အကြိမ်ကြိမ် ဖျက်ဆီး အရေးယူနိုင်ခဲ့သည်။ နောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကလည်း အသက်ကိုရင်းကာ ဖော်ထုတ် ဖမ်းဆီးခဲ့ကြသည်လည်း ရှိခဲ့သည်။

နိုင်ငံတကာတွင် ကိုယ့်နည်းကိုယ့်ဟန်များဖြင့် တိုက်ဖျက်လျက်ရှိနေချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း မူးယစ်ကင်းစင်သောနိုင်ငံအဖြစ် ရောက်ရှိစေရန် နိုင်ငံတော်အစိုးရက အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်နေချိန်ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ ပြည်သူတစ်ရပ်လုံးမှ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြည်သူလူထုနယ်ပယ်အတွင်း စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများကို အမျိုးသားရေးအမြင်ဖြင့် ပြတ်ပြတ်သားသား ပူးပေါင်းဖော်ထုတ်အရေးယူသွားမှသာ **"မူးယစ်ကင်းစင်သော မြန်မာနိုင်ငံ"** အဖြစ် တည်ဆောက်ကြရမည်။

လူမျိုးကို အညွန့်တုံးစေကာ လူသားအရင်းအမြစ်များကို ဖျက်ဆီးပစ်မည့် "မူးယစ်ဆေးဝါးနှင့် အလွဲသုံးမှုများ" ကြီးထွားလာပါက နိုင်ငံ၏ အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ်လူငယ်များ၊ လူသားများဘဝကို ဖျက်ဆီးပစ်မည့်အပြင် အားလုံးကို ဝါးမျိုသွားနိုင်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံအတွင်း မူးယစ်ဆေးဝါးနှင့် အလွဲသုံးမှုအန္တရာယ်ကို အပြီးသတ်ချေမှုန်းတိုက်ဖျက်ကြရမည်ဖြစ်ရာ နိုင်ငံသားတိုင်း၌ တာဝန်ရှိကြောင်း သတိချပ်မိစေရန် လိုပါသည်။ နိုင်ငံတော်အစိုးရက နှစ်တိုနှစ်ရှည်စီမံချက်များ ချမှတ်ဆောင်ရွက်နေသော မူးယစ်ဆေးဝါးအလွဲသုံးမှုများကို မြန်မာနိုင်ငံမှ အပြီးအပိုင် မောင်းထုတ်ပယ်ရှားကြပါစို့ဟု **အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့**ကို ဂုဏ်ပြုကြိုဆိုရင်း တိုက်တွန်းတင်ပြလိုက်ရပါသည်။

အဓိပတိ အဖြူအဝိုင်းပတ်ယာဉ်များ ပြန်လည်ပြေးဆွဲ

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော အဓိပတိယာဉ်လိုင်းအပြာ-အနီ-အဝါတို့အပြင် ခေတ္တရပ်နားထားသော အဖြူအဝိုင်းပတ်ယာဉ်များ သင်္ကြန်ပွဲတော်ရက်အလွန် မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်တွင် ပြေးဆွဲမှုရှိလာကြောင်း အဆိုပါ ယာဉ်လိုင်းပြေးဆွဲသည့် လမ်းကြောင်းမှ ခရီးသွားများက ဆိုသည်။

သက်သောင့်သက်သာ

ဒီဇယ်သုံး အကွာရာသစ်ယာဉ်သစ်များဖြင့် စတင်ပြေးဆွဲရာတွင် ကားအရောင်မှာ ခရမ်းရောင်ဖြစ်သဖြင့် အခြားအဓိပတိယာဉ်လိုင်းအရောင်များနှင့် ကွဲပြားမှုရှိကြောင်း၊ ထိုင်ခုံအနေအထားမှာလည်း ခရီးသည်တစ်ဦးချင်းအတွက် ဒူးထောင်ကိုယ်ကျုံ့ အနေအထားမျိုးမဟုတ်ဘဲ သက်သောင့်သက်သာ ထိုင်နိုင်ကြောင်း၊ လောလောဆယ်တွင် ခရီးသည် အစီးနည်းနေသေးသဖြင့် နောက်ဘက်အပေါက် အသုံးမပြုသေးဘဲ ရှေ့ဆုံးအပေါက်မှ အဆင်းအတက်ပြုလုပ်နေကြောင်း ခရီးသည်များက ဆိုသည်။

အဆင်ပြေလွယ်ကူလာ

ယင်းလမ်းကြောင်းကို ပြန်လည်ပြေးဆွဲပေးသဖြင့် ရေကြောင်း၊ ချောင်း၀သီရိမင်္ဂလာဈေးသစ်တို့မှ သမိုင်းလမ်းဆုံ-ကျိုက်ဝိုင်း-ရဲဘော်တောင်းမှတ်တိုင်သွားမည့် ခရီးသွားများ အဆင်ပြေလွယ်ကူလာပြီး ရှစ်မိုင်-ကမ္ဘာအေးသွားမည့်သူများ အချိန်ကြာမြင့်မှုမရှိဘဲ စီးနင်းနိုင်သည်ကို တွေ့မြင်ရသည်ဟု ခရီးသွားများက ဆိုသည်။

ရန်ကုန်မြို့တွင်းသွား ခရီးသည်များအနေဖြင့် ယာဉ်လိုင်းအသစ် တိုးချဲ့ပြေးဆွဲခြင်း၊ ရပ်နားထားသော ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲမှုပြုလုပ်ပေးတိုင်း သွားလာရေးပိုမိုအဆင်ပြေလာကြောင်း၊ ဒီဇယ်သုံး တရုတ်နိုင်ငံလုပ်ယာဉ်သစ်များ ထပ်မံတင်သွင်းပြီး မည်သည့်ဆိုသော သတင်းများကြောင့် ခရီးသွားများအတွက် ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲပေးရန် မျှော်လင့်နေသည်ဟု ခရီးသည်များက ဆိုသည်။

ဘုရင့်နောင် ခုံးကျော်တံတားတည်ဆောက်မှုအပိုင်း ၄ အတွက် သမိုင်းဘုတာရုံလမ်းလွှဲအဖြစ် ဘုရင့်နောင်လမ်းဆုံကိုမဖြတ်ဘဲ ပါရမီလမ်း၊ ဗဟိုလမ်းမှတစ်ဆင့် သမိုင်းလမ်းဆုံသို့ အဓိပတိအဖြူဝိုင်းပတ်ပြေးဆွဲမည်ဖြစ်ရာ ဘုရင့်နောင်လမ်းဆုံနေသူများ စီးနင်းနိုင်ခြင်းမရှိဟုဆိုသည်။

အဓိပတိစာလုံးများကို ယခင်အနီရောင်အောက်ခံတွင် ရေးသားသော်လည်း ယခုအခါ အစိမ်းရောင်အောက်ခံတွင် ရေးသားထားသည်ကို တွေ့ရသည်။ (ခင်ဆိုင်)

မြန်မာ့မီးရထားစက်ရုံ (မြစ်ငယ်) အကြိမ်(၂၀)မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

မြစ်ငယ် ဧပြီ ၁၉

မြန်မာနှစ်ဆန်း ၁ ရက်နေ့က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ မြန်မာ့မီးရထားလုပ်ငန်းနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်) အကြိမ်(၂၀)မြောက် သက်ကြီးပူဇော်ပွဲကို မြစ်ငယ်မြို့ ဇေတဝန်မွှေရုံကြီး၌ နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာ့မီးရထားလုပ်ငန်းနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းက တက်ရောက်လာသော ကန်တော့ခံအဘိုး အဘွားများကို နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြစ်ငယ် မြို့ရပ်ကွက်အတွင်းရှိ (၇၅နှစ်)မှအထက် အဘိုး ၆၃ဦး၊ အဘွား ၁၂၇ ဦး စုစုပေါင်း ၁၉၀တို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် မုန့်ထုပ်ပါ၊ ဆပ်ပြာနှင့် ဆေးဝါးပစ္စည်းများ စားသောက်ဖွယ်ရာ မုန့်များကို ပေးအပ်လှူဒါန်းသည်။

ကန်တော့ခံအဘိုးတစ်ဦးမှ ဩဝါဒစကားများ ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနိစ်ရိုးတိုင်ဆွဲ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မောင်မောင်စိုး(မြစ်ငယ်)

ပြည်တွင်းသတင်း

စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်တွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

စစ်တွေ ဧပြီ ၁၉

ဝေနေယျသတ္တဝါအားလုံး နှစ်သစ်ကူးအခါသမယမှစ၍ ကျန်းမာချမ်းသာစွာဖြင့် ဘေးဘယာကင်း ရန်စွယ်ရှင်းကြစေရန် စိတ်ရည်သန်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့၏ လမ်းညွှန်မှုကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)မှ ကြီးကြပ်မတည်လှူဒါန်းကာ မြတ်ဗုဒ္ဓများသာ ညဏ်တော်ကျက်စား ကွန့်မြူးရာဖြစ်တော်မူသော နက်နဲထူးဆန်းအသံမစဲ မဟာပဋ္ဌာန်း ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲတော်ကို လောကာနန္ဒာစေတီတော်မြတ် ဂေါပကအဖွဲ့မှ ဦးစီးပြီး ဧပြီ ၁၇ ရက်မှ ၂၁ ရက်အထိ ၅ ရက် တိုင်တိုင် လောကာနန္ဒာစေတီတော်မြတ် လိုဏ်ဂူတော်အတွင်း၌ ကျင်းပ ပူဇော် သွားမည်ဖြစ်သည်။

အဆိုပါ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် (၁၃၇၅ ခု တန်ခူးလဆန်း ၇ ရက်) မြန်မာနှစ်ဆန်းတစ်ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီက လောကာနန္ဒာစေတီတော်မြတ် လိုဏ်ဂူတော်ရှိ မင်္ဂလာနေရာ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဩဝါဒါစရိယ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ဦးစီးပဓာန နာယကဘဒ္ဒန္တစန္ဒ ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ) ဌာနချုပ်မှူးနှင့်ဇနီး၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဒက္ခိဏာရာမဆရာတော်ကြီးထံမှ (၈) ပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြပြီး ဆရာတော်များက မဟာပဋ္ဌာန်းကျမ်းမြတ်ကို ရွတ်ဖတ်ပူဇော် ပေးတော်မူကြသည်။

"ကျွန်တော်တို့အနေနဲ့ ဒီပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပရတာဟာ အားလုံးအန္တရာယ်ကင်းပြီး ကောင်းကျိုးသုခပြည့်စုံစေရေးအတွက်ပါ။ သံဃာတော်တွေက နေ့ညအခါမပြတ် ရွတ်ဖတ်ပေးတော်မူကြပါလိမ့်မယ်။ ကျွန်တော်တို့ ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။ မည်သူမဆို သံဃာတော်တွေကို ဆွမ်း၊ နဝကမ္မ၊ သစ်သီးစုံ၊ မုန့်အချိုပွဲတို့အား လှူဒါန်းနိုင်ပါတယ်"ဟု လောကာနန္ဒာစေတီတော်မြတ်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်သိန်းခိုင်က ပြောပြသည်။

စောလွင်(စစ်တွေ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၁၃ (စနေနေ့)

၅း၀၀ MRTV-4 အဖွင့် Logo
၅း၀၀ ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ ကံလေးမျိုး တရားတော် (ဓမ္မဒူတအရှင်ပညာဝရ)
၇း၃၀ MRTV-4 သတင်း
၈း၀၀ Cartoon Series (The Adventure of Dalgo The Great)
၈း၃၀ Kid's Show
၉း၀၀ MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ ပျော်ရွှင်မှု** (အပိုင်း-၈၀)
၁၁း၀၀ Myanmar Cooking Master (Third Season) (Round-3) (Part-1)
၂း၀၀ MRTV-4 သတင်း
၂း၂၀ World of knowledge (Killer Whales)
၃း၀၀ ဈေးဝယ်လမ်းညွှန် (TONYMOLY)
၄း၂၅ Kid's Show
၅း၀၀ Drive It
၅း၂၀ Fashion Week (Hera Beauty Spa) (Part-2)
၇း၁၀ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၁၅ PAST & PRESENT SOE THU Live Show (Part-3)
၁၀း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ ပျော်ရွှင်မှု** (အပိုင်း-၈၁)
၃း၁၅ ရွှေမင်းသားဖောင်ဒေးရှင်း **(မြန်မာ)၏ မသန်စွမ်းသူများအတွက်** Barrice Free

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Fulham - Arsenal	(fox Sports) (MRTV-4)
၈း၃၀	QPR - Stoke City	(Star Sports)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၃၀	ReaL Madrid -ReaL Betis	(fox Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Barcelona - Levante	(fox Sports)
၂း၃၀	Valencia - Malaga	(fox Sports)

ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

မြင်းမူ ဧပြီ ၁၉

မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာနှင့် ကန်တော်ကျေးရွာကြားလမ်း မိုင်တိုင် ၃/၆ နှင့် ၃/၇ အကြားတွင် ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ ဂိုဏ်းဆိပ်စခန်းမှူး ဒုရဲအုပ် ချစ်မင်းဦးနှင့်အဖွဲ့ဝင်များ သွားရောက်စုံစမ်းရာ အမည်မသိ(စုံစမ်းဆဲ)လူတစ်ဦးမှာ ကားလမ်းပေါ်တွင် လဲကျနေပြီး သေဆုံးနေကြောင်း တွေ့ရပြီး ၎င်း၏ အနီးပတ်ဝန်းကျင်၌ Adidas-Sports တံဆိပ်ပါ အဖြူရောင်ဦးထုပ် တစ်လုံး၊ Liverpool တံဆိပ်ပါ ဦးထုပ် အပြာရောင်တစ်လုံး၊ အဝါရောင်မြင်းကြယ်ဖိနပ်တစ်ရန်၊ ဆိုင်ကယ်စီးမျက်မှန်ကျိုး တစ်လက်တွေ့ရှိသိမ်းဆည်းရမိသည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြင်းမူရဲစခန်းက အမှုဖွင့်ထားလျက်ရှိရာ သေဆုံးသူမှာ ကိုအုန်းကြိုင် အသက် (၄၅နှစ်) မူးဝရွာထောင်ကျေးရွာ မြင်းမူမြို့နယ် နေထိုင်သူဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ **ကိုကိုနိုင် (မြင်းမူ)**

ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၀၀၀၀ နီးပါး ကျဆင်း

သင်္ကြန်မတိုင်မီ ၁၁ ရက်က မြန်မာ့ရွှေအခေါက်တစ်ကျပ်သားကို ငွေကျပ် ၇၃၉၀၀၀ ရှိနေရာမှ မြန်မာနှစ်ဆန်းတစ်ရက်အလွန် ဧပြီ ၁၈ ရက်က တစ်ကျပ်သားကို ငွေကျပ် ၆၆၉၈၀၀ အထိ ကျဆင်းသွားတဲ့အတွက်ရွှေတစ်ကျပ်သားကို ရက်ပိုင်းအတွင်း ငွေကျပ် ၇၀၀၀၀ နီးပါးကွာဟ ကျဆင်းသွားကြောင်း ရွှေဘုံသာလမ်းအတွင်း ရွှေအရောင်းအဝယ် ဈေးကွက်အတွင်းက ကြားသိခဲ့ရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးအေးချိုက "သင်္ကြန်ရက်အတွင်းကဆို ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၃၃၀ လောက်အထိဖြစ်သွားတယ်" လို့ ပြောခဲ့ပါတယ်။

ရွှေလုပ်ငန်းရှင်ကြီးတစ်ဦးက "ရွှေအရောင်းအဝယ်ရဲ့ သဘောကတော့ ဈေးကျရင်အဝယ်လိုက်မယ်၊ ဈေးမြင့်လာရင် အဝယ်တန်းမယ်"ဟု ပြောပြသည်။ "ကမ္ဘာ့ရွှေဈေးကျဆင်းတာနဲ့အမျှ မြန်မာ့ရွှေဈေးက လိုက်ကျနေမယ်။ ဒီသဘောအတိုင်းပဲ ရွှေအရောင်းအဝယ်ဈေးကွက်က ရှိနေမယ်" ဟု တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးမျိုးမြင့်က ပြောသည်။

ဧပြီ ၁၇ ရက် (မြန်မာ့နှစ်ဆန်းတစ်ရက်)က မြန်မာရွှေအခေါက် တစ်ကျပ်သားကိုငွေကျပ် ၆၇၅၀၀၀ နဲ့ အဖွင့်ဈေးရောင်းခဲ့ပြီး ညနေအပိတ်ဈေးမှာတော့ ငွေကျပ် ၆၇၄၀၀၀နဲ့ ပိတ်ခဲ့ပါတယ်။ အဲဒီနေ့မှာ ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၃၇၉ ရှိနေခဲ့ပါတယ်။

ဧပြီ ၁၈ ရက်မှာ မြန်မာ့ရွှေ

အခေါက်တစ်ကျပ်သားကို ငွေကျပ် ၆၆၉၈၀၀နဲ့စခဲ့ပြီး ညနေမှာ ငွေကျပ် ၆၉၀၀၀၀ အထိ တက်ခဲ့ပါတယ်။ ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၃၆၃ အထိရှိနေပါတယ်။

ဧပြီ ၁၉ ရက်မှာတော့ မြန်မာ့ရွှေဈေးအနေနဲ့ အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၆၉၄၀၀၀ နဲ့ စဖွင့်ပြီး ညနေအပိတ်ဈေးကတော့ ငွေကျပ် ၇၀၅၀၀၀ နဲ့ သိမ်းခဲ့ပြီး ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၄၁၀ ရှိနေခဲ့ကြောင်း တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရပါတယ်။

(အဝယ်တော် ဖိုးထော်)

ဒဂုံမြို့နယ်၌ထရန်စဖော်မာများမီးလောင် ငွေကျပ် ၂ဂ၅ သိန်းကျော်ဆုံးရှုံး

ရန်ကုန် ဧပြီ ၁၉

ဧပြီ ၁၈ ရက် ည ၇ နာရီခန့်က ဒဂုံမြို့နယ်အတွင်းရှိ ထရန်စဖော်မာတစ်ခုအတွင်းသို့ မိုးရေများ စီးဝင်ရာမှ ရှော့ခ်ဖြစ်ကာ မြေအောက်ကြိုးများမှ တစ်ဆင့် အချို့သော ထရန်စဖော်မာများသို့ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ခဲ့သည်။

တာဝန်သိ ပြည်သူများ၏ သတင်းပေးပို့ချက်အရ မီးလောင်ရာသို့ ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ်များ၊ ကွပ်ကဲမှုယာဉ်များရောက်ရှိလာပြီး ငြိမ်းသတ်ပေးရာ ည ၇ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒဂုံမြို့နယ် ပြည်(အရှေ့) ရပ်ကွက် ဇီဇဝါလမ်းနှင့် စမုံလမ်းထောင့်ရှိ ဆောက်လုပ်ရေး အရာထမ်းဝန်ထမ်းအိမ်ရာအတွင်းရှိ 6.6 KV ကိုယ်ပိုင် ထရန်စဖော်မာ၏ အထွက် ကေဘယ်ခေါင်းအတွင်းသို့ မိုးရေများစီးဝင်ရာမှ ရှော့ခ်ဖြစ်ကာ မီးစတင်လောင်မှု ဖြစ်ပွားခဲ့ကြောင်း မီးလောင်ရာသို့ လာရောက်ကြည့်ရှုသူတစ်ဦးက ပြောပြသည်။

ထိုမှ ဒဂုံမြို့နယ် ပြည်(အရှေ့) ရပ်ကွက် ဦးဝိစာရလမ်းနှင့် ဇီဝကလမ်းထောင့်ရှိ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ပိုင် 6.6 KV မီးကြိုးပေါက်၊ ဒဂုံမြို့နယ် ဘုရားကြီး ရပ်ကွက် ဇီဝကလမ်း အမှတ်(၅) အောက်မြန်မာပြည်ဆေးသုတေသန ဦးစီးဌာနဝင်းအတွင်းရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ပိုင် 6.6 KV ထရန်စဖော်မာ၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းပေါ်ရှိ နဝရတ်ဓာတ်အားခွဲရုံအတွင်းရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ပိုင် 6.6 KV ထရန်စဖော်မာများသို့ မြေအောက်ကြိုးများမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၇၅ သိန်းကျော် ဆုံးရှုံးခဲ့ရကြောင်း သက်ဆိုင်ရာမှ သိရသည်။

ယမန်နေ့က ရန်ကုန်မြို့အတွင်း အချို့သောမြို့နယ်များ၌ မိုးများရွာသွန်းခဲ့မှုကြောင့် ဒဂုံမြို့နယ်အပြင် အချို့သော မြို့နယ်တို့၌လည်း မီးတိုင်များမှတစ်ဆင့် အိမ်များသို့ သွယ်တန်းသောကြိုးများ၌ ဈာကဲ့သို့ ရှော့ခ်ဖြစ်မှုများရှိခဲ့သည်ဟုလည်း ကြားသိရသည်။

သို့အတွက် မိုးမကျမီ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ဌာနများအနေဖြင့် မိမိမြို့နယ်အတွင်းရှိ လျှပ်စစ်မီးကြိုးများအား ကြိုတင်စစ်ဆေးမှုများပြုလုပ်ရန် လိုအပ်သလို တိုက်တာနေအိမ်များတွင် နေထိုင်သူများအနေဖြင့်လည်း မိမိအိမ်သို့ သွယ်တန်းထားသော မီးကြိုးများအား ပြန်လည်စစ်ဆေးရန် လိုအပ်လျက်ရှိနေပြီ ဖြစ်ကြောင်းကို ထရန်စဖော်များ မီးလောင်မှုက သတိပေးနိုးဆော် လျက်ရှိနေပြီဖြစ်သည်။

(ကိုကြီးတင်)

ကံ့ကော်ပန်းကြွေများကြောင့် ဝင်ငွေရ

မိုးညှင်း ဧပြီ ၁၉

ဆေးဖက်ဝင်အဖြစ် အကြိုက်များနေသော ကချင်ပြည်နယ် မိုးညှင်းမြို့ ကံ့ကော်ပွင့်များမှ အပွင့်လှပ ကြီးထွားခြင်း၊ မွှေးကြိုင်ထုံသင်းခြင်း၊ ဝတ်မှုံဝတ်ဆံများ ကောင်းခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းဆေးဆရာများ၊ မန္တလေးမြို့ ပရဆေးဆိုင်များက ဝယ်ယူလျက်ရှိသဖြင့် လတန်ခူး၏ လေမြူးချိန် ကံ့ကော်ပင်အောက်တွင် ကံ့ကော်ပန်းအကြွေများအား ကောက်ယူစုဆောင်းထားသော ဒေသခံများအဖို့ အပိုဝင်ငွေရရှိနေကြောင်း သိရသည်။ **(ဝ၆၃)**

မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) **မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။**

(ခ) **ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများချထားရာတွင် ကူညီဆောင်ရွက်ပါ။**

(ဂ) **မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက်စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။**

(ဃ) **မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။**

ကွမ်းခြံကုန်းမြို့နယ် မြို့မရပ်ကွက်၌ မီးလောင်မှု ဖြစ်ပွား

ရန်ကုန် ဧပြီ ၁၉

ဧပြီ ၁၈ ရက် ည ၁၁ နာရီခန့်က ကွမ်းခြံကုန်းမြို့နယ် မြို့မရပ်ကွက် စွယ်တော်လမ်း အိမ်အမှတ်(၁၈)ရှိ ခနိမိုး၊ ထရံကာ ပျဉ်ခင်းအိမ်တစ်လုံးမီးလောင်မှု ဖြစ်ပွားခဲ့သည်။ ဖုန်းသတင်းပေးမှုကြောင့် မီးလောင်ရာသို့ ကွမ်းခြံကုန်းမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ရေး ယာဉ်သုံးစီးက အချိန်နှင့်တစ်ပြေးညီသွားရောက်ငြိမ်းသတ်ပေးနိုင်မှုကြောင့် ည ၁၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ တီဗွီသို့ သွယ်တန်းထားသော မီးကြိုးခွေအပူလွန်ကဲရာမှ စတင်မီးလောင်ကျွမ်းခဲ့ကြောင်း သိရှိရသည်။ မီးလောင်မှုကြောင့် အိမ်နှင့်အတွင်း ပစ္စည်းများဆုံးရှုံးခဲ့ရသည်။ အိမ်ရှင် ဦးကျော်မင်းအား သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဝ၄၂)**

ခြေကျင်လမ်းဖြတ်ကူးသူအား ဆိုင်ကယ်ဝင်တိုက်

တောင်တွင်းကြီး ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး တောင်တွင်းမြို့နယ် မြို့မရဲစခန်း၏ မြောက်ဘက် ငါးဖာလုံခန့်အကွာ ရွှေအိုး (၁) ရပ်ကွက်၌ ခြေကျင်လမ်းဖြတ်ကူးသူ အမျိုးသမီးတစ်ဦး ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၇ ရက် နံနက် ၈ နာရီတွင် ဒုရဲအုပ်ကျော်ကျော်လှိုင် တာဝန်မှူး တာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ တပ်ကြပ် ဇော်မင်းဦး၊ တပ်ကြပ်အောင်နိုင်ဦး၊ သက်သေ ဦးသန်းအောင်တို့နှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက် စစ်ဆေးရာ တောင်တွင်းကြီး မြို့သစ်ကား လမ်းမကြီး စိန်သရဖူ ဘိလပ်မြေရောင်းဝယ်ရေးဆိုင်ရှေ့တွင် တောင်တွင်းကြီး မြို့နယ် ပန်းသွင်းကြီးအုပ်စု ရွာတော်(မြောက်) ရွာနေ မတင်ဌေး (၂၉ နှစ်) တောင်သူသည် လမ်းအရှေ့ဘက်ခြမ်းတွင် ရပ်ထားသော ဦးကံအောင်၏ မြင်းလှည်းပေါ်မှဆင်း၍ လမ်းအရှေ့ဘက်မှ လမ်းအနောက်ဘက်သို့ ဆိုင်ယံရန် လမ်းဖြတ်ကူးစဉ် ၎င်းလမ်းမကြီးအတိုင်း နတ်မောက်ဘက်မှ တောင်တွင်းကြီးဘက်သို့ ဝင်းကို (၂၄ နှစ်)တောင်သူ ကံကြီးကုန်းကျေးရွာ ပရက်ကြယ်အုပ်စု တောင်တွင်းကြီး မြို့နယ်နေသူက နယူးတာဘို ၁၅၀ ဆိုင်ကယ်အဖြူ ၂၉ယ/--- အား မောင်းနှင်လာရာ လမ်းအနောက်ဘက် မြေသားလမ်းပေါ် ရောက်ရှိနေသူ မတင်ဌေးအား တိုက်မိ၍ ဒဏ်ရာများ ရရှိသည်ကို စစ်ဆေးတွေ့ရှိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ ဝင်းကို (၂၄ နှစ်)အား ဥပဒေနှင့်အညီ အရေးယူပေးပါရန် ဒုရဲအုပ် ကျော်ကျော်လှိုင်က တရားလို ပြုလုပ်တိုင်တန်းသဖြင့် တောင်တွင်းကြီးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားပြီး အမှုစစ် ဒုရဲအုပ် ကျော်ကျော်လှိုင်က ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ဟသာ်(တောင်တွင်းကြီး)

ပြည်တွင်းသတင်း

ပုဏ္ဏားကျွန်းမြို့၌ ရှေးဟောင်းဘုရားတစ်ဆူ တူးဖော်တွေ့ရှိ

ပုဏ္ဏားကျွန်း ဧပြီ ၁၉

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အလယ်စုရပ်ကွက် ရန်ကုန်-စစ်တွေကားလမ်းဘေးရှိ ဦးသာထွန်းမောင်၏ နေအိမ်ခြံဝင်းအတွင်းမှ (ဧပြီ ၁၈ရက်) နှစ်ဆန်းနှစ်ရက်နေ့က ရှေးဟောင်းဘုရားဆင်းတုတော်တစ်ဆူ ဦးခေါင်းနှင့် ခန္ဓာကိုယ်လက်များကို သီးခြားစီ တူးဖော်တွေ့ရှိခဲ့သည်။ **(အပေါ်ပုံ)**

ဦးခေါင်းတော်ကို မွန်းတည့် ၁၂ နာရီခန့်တွင် တူးဖော်တွေ့ရှိပြီး ခန္ဓာကိုယ်လက်များကို ညနေ ၅ နာရီခန့်တွင် တူးဖော်တွေ့ရှိသည်။ ဘုရား၏ ဦးတော်ပတ်လည် လေးပေ နှစ်လက်မ၊ ခါးတော်ပတ်လည် ငါးပေ၊ ဉာဏ်တော်အမြင့် ငါးပေ ခုနစ်လက်မရှိ ထိုင်တော်မူဖြစ်ပြီး မြောက်ဦးခေတ်လက်ရာဟု ယူဆရကြောင်း သုတေသီတချို့ပြောဆိုချက်များအရ သိရှိရသည်။ အသေးစိတ်သမိုင်းဆိုင်ရာအချက်အလက်များကို ရှေးဟောင်းသုတေသနမှ စိစစ်မှတ်တမ်းတင်သွားမည် ဖြစ်သည်။

"ယခင်က လယ်ကွင်းများဖြစ်သော ဘုရားတူးဖော်တွေ့ရှိသည့်နေရာမှာ ရှေးဟောင်းသာသနိက အဆောက်အအုံများ ရှိခဲ့ဟန်တူကြောင်း၊ ဤနေရာတွင် ဘုရားဆင်းတုတော်ရှိနေကြောင်း ဒေသခံတချို့ သိနေကြသော်လည်း မည်သူမျှ တူးဖော်ကိုးကွယ်ခဲ့ခြင်းမရှိခဲ့ကြောင်း၊ ခြံပိုင်ရှင်က ဆောက်လုပ်ရေးလုပ်ငန်းအတွက် မြေတူးရာမှ ယခုကဲ့သို့ ဘုရားဆင်းတုတော်ကြီး ပေါ်ပေါက်လာရခြင်းမှာ မင်္ဂလာရှိကြောင်း၊ ၁၃၇၅ ခုနှစ်ဆန်းစတွင် ပေါ်ပေါက်လာခြင်းဖြစ်၍ ပုဏ္ဏားကျွန်းမြို့အတွက် ပို၍မင်္ဂလာရှိသော ကောင်းခြင်းလက္ခဏာများသာဖြစ်ကြောင်း၊ ယခင်က မည်သို့သိနေကြပါစေ ယခုတူးဖော်တွေ့ရှိသဖြင့် ဘုရားပေါ်သည်ဟု ပြောနိုင်ကြောင်း မြို့မပရိယတ္တိစာသင်တိုက် ကျောင်းထိုင်ဆရာတော် အရှင်ပဏ္ဍိတ (သာသနဓဇမ္မာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ)က မိန့်ကြားသည်။

ဘုရားဆင်းတုတော်ကြီး ကိုဆက်လက်တူးဖော်လျက်ရှိပြီး ဆင်းတုတော်ကြီးအား အများပြည်သူ ကြည်ညိုသဒ္ဓါပွားနိုင်အောင် ဘုန်းကြီးကျောင်းဝန်းထဲသို့ ပင့်ဆောင်ကိုးကွယ်အပူဇော်ခံမည် ဖြစ်ကြောင်း သိရသည်။

သူ(ပုဏ္ဏားမြို့)

ကရင်ပြည်နယ် မဟာသင်္ကြန်ပွဲတော်ဆုချီးမြှင့် နှစ်ဆန်းတစ်ရက် ဘိုးဘွားများအားဂါရဝပြုကန်တော့

နေပြည်တော် ဧပြီ ၁၉

ကရင်ပြည်နယ် မဟာသင်္ကြန်ပွဲတော်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ညနေ ၆ နာရီတွင် ဘားအံမြို့ နာရီစင်အနီးရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်) နံနက် ၈ နာရီတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အဘိုးအဘွားများအား ဂါရဝပြုကန်တော့ကြပြီး အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းတို့ကို ဘားအံမြို့ ကန်သာယာ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သင်္ကြန်တွင်း ဟန်းဆက်အပျက်များ

ရန်ကုန် ဧပြီ ၁၉

သင်္ကြန်ကာလ လက်ကိုင်ဖုန်းဟန်းဆက်များ ရေငွေ့ရိုက်ခြင်း၊ရေဝင်ခြင်းများကြောင့် အပျက်အစီးများလာရာ ဟန်းဆက်ဆိုင်နှင့် ပြုပြင်ရောင်းဝယ်ရေးလုပ်ငန်းများ ဝန်ဆောင်မှု ပိုမိုပေးလာရကြောင်း သိရှိရသည်။

"ဖုန်းတွေက တိုက်ရိုက်ရေစိုတာမျိုးနည်းပေမယ့် ရေစိုခံအိတ်ကို စနစ်တကျအသုံးမချမှုတွေကြောင့် ရေငွေ့ရိုက်ပြီး ဖုန်း Power ဖွင့်မရတာတွေ အဖြစ်များတယ်။ အများစုက အိမ်ရောက်ပြီး ခဏနေအပူပေးပြီး ပြန်ဖွင့်တတ်ကြတယ်။ Electronic ပစ္စည်းတွေကို ပြန်သုံးဖို့အတွက် ၂၄ နာရီကနေ ၇၂ နာရီလောက်အထိ ခြောက်သွေ့အောင်ထားသင့်တာပါ။ ရေငွေ့မကုန်ခင် Power ပြန်ဖွင့်မိတဲ့အတွက် အပျက်အစီးပိုများရတယ်" ဟု Try Call Mobile မှ မသဉ္ဇာဝင်းရွှေက ပြောပြသည်။

ရေစိုခံအိတ်များနှင့် ဟန်းဖုန်းများ သင်္ကြန်ကာလအတွင်း လူတိုင်းကိုယ်စီနီးပါး ကိုင်ဆောင်ထားကြသော်လည်း ရေစိုခံအိတ်ကို လေဖောင်းထားခြင်း၊ လေပိတ်နေရာလုံခြုံအောင် ပိတ်ထားမှုနည်းပါးခြင်းကြောင့် Touch Screen ဟန်းဆက်အများစုနှင့် Software အမြင့်ပိုင်းဟန်းဆက်များမှာ Screen မှုန်ဝါးသွားခြင်း၊ ပါဝါဖွင့်မရခြင်းဖြစ်ပေါ်ပြီး အိုင်ဖုန်းများမှာလည်း Sport Light မီးများတောက်လျှောက်လင်းခြင်း၊Screen Light မီးမှိတ်မရခြင်းဖြစ်ပွား၍ သင်္ကြန်တွင်း ဖွင့်လှစ်သည့် ဟန်းဆက်ပြုပြင်ရေးအချို့ဝင်ငွေတိုးခဲ့သေးကြောင်း သိရသည်။

"အပျက်များတာက ကျွန်တော့်ဆီကို လာပြကြတာ Samsung SIII နဲ့ အိုင်ဖုန်းတွေပါ။ Smart ဖုန်းတွေက နည်းပညာမြင့်တော့ ပြုပြင်ရာမှာ ရိုးရိုးဖုန်းတွေထက် ကုန်ကျစရိတ်များတယ်။ Java ခလုတ်ဖုန်းတွေကတော့ ပြုပြင်ဖို့အလွယ်ဆုံးပဲ၊ Software ပိုင်းပျက်ရင် Hardware ပိုင်းထက် စျေးပိုမြင့်တယ်။ ဒီနှစ်သင်္ကြန်မှာ ရေဝင်လို့ ပျက်တာတွေအပြင် လွှတ်ကျတာနဲ့ မတော်တဆ ကွဲပျက်တဲ့ ဖုန်းတွေက ဆတူများတယ်"ဟု ယူဇနပလာဇာရှိ ဟန်းဆက်ပြုပြင်ရေးလုပ်ကိုင်သူ ကိုကျော်ဇောအောင်က ပြောသည်။

ခင်ရတနာ

စစ်တွေ၌ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်

စစ်တွေ ဧပြီ ၁၉

မြန်မာနိုင်ငံအဝန်း ဘေးဥပါဒ်အန္တရာယ်များကင်းရှင်းစေရန် ရည်ရွယ်ပြီး ဧပြီ ၁၆ ရက် မွန်းတည့် ၁၂ နာရီက စစ်တွေမြို့ လောကနန္ဒာစေတီတော် မဟာဝေယံသိမ်တော်၌ အန္တရာယ်ကင်းပရိတ်ဒေသနာတော်များရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ပြည်နယ်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးများ တက်ရောက်တော်မူခဲ့ကာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်သည်။ လူပုဂ္ဂိုလ်ယောဂီသူတော်စင်များက ဆီမီးမငြိမ်း ပရိတ်ကြီး ၁၁ သုတ်အား ရွတ်ဖတ်ပူဇော်ကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အရာရှိကြီးများ၊ ရခိုင်ပြည်နယ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ရဲပန်ဇင်း

မြန်မာ့စီးပွားရေးဘဏ်တွင် ငွေလွှဲထုတ်ယူမှု အချိန်ပိုင်းအတွင်းရရှိ

နတ်မောက် ဧပြီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရ မြန်မာ့စီးပွားရေးဘဏ် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ငွေလွှဲပေးပို့သောငွေများအား ထုတ်ယူသူ၏ အမျိုးသားမှတ်ပုံတင်အမှတ်နှင့် အမည်၊ နေရပ်လိပ်စာတို့ကို စစ်ဆေးတိုက်ကြည့်၍ မှန်ကန်မှုရှိပါက မန်နေဂျာမှ ငွေလာထုတ်သူအား အမြန်ထုတ်ယူနိုင်ရန် ငွေထုတ်ကောင်တာသို့ အမြန်ထုတ်ယူရရှိရန် ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။

အချိန်မဆိုင်းထုတ်ပေးနေ

နတ်မောက်မြို့နယ်ငွေလွှဲပို့မှုထုတ်ယူသူဒေသခံများက မြန်မာ့စီးပွားရေးဘဏ်က ဝန်ဆောင်မှုကောင်းနေပြီ။ အရင်တုန်းကလို တစ်ဖက်ကပို့လိုက်တဲ့ ငွေထုတ်ယူဖို့အတွက် စားပွဲစုံအောင် သွားစရာမလိုဘူး။ ငွေရောက်တယ်လို့သိရင် မန်နေဂျာနှင့်တွေ့ပြီး မန်နေဂျာက မှတ်ပုံတင်အမှတ် အမည်နေရပ်တို့ တစ်ဖက်သူပေးပို့သောလိပ်စာမှန်ရင် အမြန်ဆုံး အချိန်မဆိုင်းထုတ်ပေးနေပြီဟု ဒေသခံ ငွေလွှဲပို့ထုတ်ယူသူများထံမှ သိရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ နတ်မောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာက "ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်က ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင်နှင့် ငွေလွှဲပို့ထုတ်ယူသူတွေ စိတ်ချမ်းမြေ့အောင် လုပ်ဆောင်ပေးနေပါတယ်။ ကျွန်တော်တို့မြို့နယ်တစ်ခုတည်း မဟုတ်ဘူး။ မြန်မာတစ်နိုင်ငံလုံးက ဘဏ်တွေအကုန်လုံး ဒီအတိုင်း ဆောင်ရွက်ပါတယ်" ဟု မြန်မာ့အလင်းသတင်းစာသို့ ပြောပါတယ်။

နတ်မောက်သား

မိတ္ထီလာယာယီကယ်ဆယ်ရေးစခန်းသို့ စေတနာရှင်ပြည်သူများ အလှူငွေပေးအပ်

မိတ္ထီလာ ဧပြီ ၁၉

မိတ္ထီလာတွင် ယာယီဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုများအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာ ဧပြီ ၁၉ ရက်က ဘုရားကြီးကျောင်းတိုက် (မန္တလေး)မှ မုန့်မျိုးစုံနှစ်အိတ်၊ ပန်းကန် အချပ် ၂၀၀၊ ဆန် ၁၅ အိတ်၊ အဝတ်အထည်တစ်အိတ်၊ ဆပ်ပြာအတောင့် ၁၀၀၊ ဆားတစ်အိတ်၊ လက်ဖက်ခြောက်တစ်အိတ်၊ မန္တလေးမြို့ အစ္စလာမ်ဘာသာရေးအဖွဲ့မှ ဆန်အိတ် ၁၅၀ ၊ အမဲသားပိဿာ ၄၅၀၊ ကြက်သွန်နီပိဿာ ၈၀၀၊ ကြက်သွန်ဖြူ ချင်း၊ ငရုတ်သီးမှုန့် ပိဿာ ၁၅၀၊ နန္နွင်းမှုန့် ၁၀ ပိဿာ၊ ငါးသေတ္တာဘူး ၂၆၄၀၊ ခရမ်းချဉ်သီး ပိဿာ ၃၀၀ နှင့် Pact Myanmar အဖွဲ့မှ အာလူး ၆၇၇၆ ပိဿာနှင့် ကြက်သွန်နီ ၆၇၇၆ ပိဿာတို့ကို အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်း လက်ခံရာ ဆက်သွယ်ရေး ဧည့်ရိပ်သာသို့ လာရောက်လှူဒါန်းကြသည်။ ဧပြီ ၁၉ ရက်အထိ အလှူငွေ စုစုပေါင်း ငွေကျပ် ၁၃၂၄၆၅၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၉၄၆၉၉၀ လာရောက်လှူဒါန်းပြီးဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

✻ *ကျောဖုံးမှ*

စလင်းမြို့

အလားတူ မကွေးတိုင်းဒေသကြီး စလင်းမြို့၏ အရှေ့တောင်ဘက် ပေါင်းလောင်းအရှေ့ကျေးရွာတွင်လည်း ဧပြီ ၁၆ ရက် ညနေတွင် တိုက်ခတ်သော လေပြင်းကြောင့် ၄×၃ ပင် ထရံကာ သက်ငယ်မိုး လူနေတဲနှစ်လုံး၊ ၃×၃ ပင် သက်ငယ်မိုး ထရံကာမြေစိုက်တဲနေအိမ်နှစ်လုံး ပျက်စီးသွားပြီး ပေါက်လေးပင်ရွာတွင် ၄×၃ ပင် သက်ငယ်မိုး ထရံကာကြမ်းခင်း လူနေတဲနှစ်လုံး ပျက်စီးသွားသည်။ ခြောက်ပင် ကျွန်းကျေးရွာတွင်လည်း ၃×၃ ပင် သက်ငယ်မိုးထရံကာမြေစိုက်တဲနှစ်လုံး ပျက်စီးသွားသည်။ ထို့ပြင် ကျောက်ရဲ ကျွန်းကျေးရွာတွင် ၃×၃ ပင် သက်ငယ်မိုးထရံကာ မြေစိုက်တဲနှစ်လုံး ပျက်စီးသွားသည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိဘဲ လမ်းပန်းဆက်သွယ်မှုလည်း ပြတ်တောက်သွားခြင်းမရှိကြောင်း လေဘေးသင့်အိမ်ထောင်စုကိုးစု၊ လူဦးရေ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၁၇ ဦးတို့အား နီးစပ်ရာ ဆွေမျိုးသားချင်းများက စောင့်ရှောက်ထားကြောင်း သိရှိရသည်။

မကွေးလှမြင့်

တာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်မှ လေ့လာရေးအဖွဲ့ တရုတ်နိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် ဧပြီ ၁၉

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ (၁) ဦးယုန်းမူ ဦးဆောင်သော ကျောက်စိမ်းဈေးကွက် လေ့လာရေးအဖွဲ့သည် တရုတ်ပြည်၏ ကျောက်စိမ်းအချောထည် ဈေးကွက်ဖြစ်ထွန်းရာဒေသများဖြစ်ကြသော တူအင်း၊ ကွမ်ကျိုးနှင့် ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ လေ့လာရေးခရီးသွားရောက်ရန် ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ရန်ကုန်စည်ပင်ဝန်ကြီး အဖျောက်မြို့စည်ပင်လုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အဖျောက်မြို့ မြို့ကွက်သစ်ဖော်ထုတ်တည်ဆောက်ရေးလုပ်ငန်းခွင်၊ အဖျောက်မြို့ မြစ်ကမ်းပါး မြစ်ရေတိုက်စားမှု လျော့ပါးစေရေး၊ နုန်းဖမ်းလှိုင်းမှန်ကူကွက်များပြုလုပ်နေမှုနှင့် ကျောက်ဖြည့်သံခြင်းရေကာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလယ်ကင်းကျေးရွာပြည်သူများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၄-၂၀၁၃ (စနေနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ ပြည်တွင်းသတင်း+ မိုးလေဝသသတင်း
၇း၂၀ **မဟော်သဓာ** (အပိုင်း-၆)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း

နေ့လယ်ပိုင်း

၁၁း၃၀ ဖြူမည်းရုပ်ရှင် **အတွယ်အတာ** (ပထမပိုင်း) ဝင်းဦး၊ စန္ဒာလင်း (ဒါရိုက်တာ-ဝင်းဦး)
၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၁၂း၂၅ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

ညပိုင်း

၁၆း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၆း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၆း၄၅ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ
၁၉း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၁း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း

YCDC Cup Summer Golf Championship 2013

ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

မြန်မာဂေါက်သီး အားကစားဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် ဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍YCDC Cup Summer Golf Championship 2013 Presented by Dagon Beverages ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Professional အဆင့် ၅၄ ကျင်း ပြိုင်ပွဲနှင့် အမျိုးသားအပျော်တမ်း (Handicap 0-10)အဆင့် ၅၄ ကျင်း ပြိုင်ပွဲများကို သတ်မှတ်ထားသည်။

အဆိုပါပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Co-Sponsor များဖြစ်ကြသော U Yan Naing ၊ Han Golf Masters၊ IBTC ကုမ္ပဏီ ၊ KM Golf Center၊ CEO Group၊ 21 AD Media၊ Hinthar Media တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးကြမည် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဧပြီ ၂၃ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ မြို့တော်ဂေါက်ကွင်းသို့ ကြိုကောင်တာသို့ ပြိုင်ပွဲဝင်ကြေးနှင့်တကွ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း-၀၉-၄၂၁၁၁၉၉၃၂ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တောင်ကြီးမြို့ မဟာသင်္ကြန်နှင့် နှစ်သစ်ကူးကောင်းမှုပြုသူများနှင့်စည်ကား

တောင်ကြီး ဧပြီ ၁၉

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ဗဟိုမဏ္ဍပ်၊ ငြိမ်းချမ်းရေးမဏ္ဍပ်၊ ချယ်ရီမဏ္ဍပ်၊ စိုက်ပျိုးရေးမဏ္ဍပ်၊ ဂရင်းရှိုင်ရယ်မဏ္ဍပ်၊ အိပ်မက်သင်္ကြန်မဏ္ဍပ်နှင့် ရွှေနေကြာမဏ္ဍပ်တို့ဖြင့်လည်းကောင်း ရပ်ကွက်အသီးသီးတွင် ရေပက်ခံမဏ္ဍပ်များနှင့် ကျင်းပပြီး ရေပက်ခံထွက်လာသည့် မိဘပြည်သူများအား စတုဒိသာကျွေးမွေးသူများနှင့် စည်ကားသိုက်မြိုက်အန္တရာယ်ကင်းရှင်းစွာဖြင့် ဆင်နွှဲခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ် နှစ်ဆန်းတစ်ရက်(ဧပြီ ၁၇ရက်)တွင် တောင်ကြီးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီများဖြစ်သည့် စူဠာမုနိစေတီ၊ ရပ်တော်မူဘုရား၊ ရွှေဘုန်းပွင့်ဘုရား၊မြစိမ်းတောင်စေတီ၊ ရွှေမုဋ္ဌောစေတီနှင့် အခြားဘုရားကျောင်းကန်၊ ဇရပ်များတွင် ဥပုသ်သီတင်း ဆောက်တည်သူများ၊ အလှူဒါနပြုသူများနှင့်အထူးပင် စည်ကားခဲ့သည်။ ညနေ ၃နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ သက်ကြီးပူဇော်ပွဲကျင်းပရာ အသက် ၈၅နှစ်အထက် အဘိုး ၁၀၃ ဦး၊ အဘွား ၁၈၉ဦး စုစုပေါင်း ၂၉၂ဦးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက ငွေကျပ် ၄၅၀၃၇၅၀ နှင့် ဆေးဝါးတန်ဖိုး ငွေကျပ် ၅၄၃၆၀၀ စုစုပေါင်း ငွေကျပ် ၅၀၇၄၃၅၀ တို့အား လှူဒါန်းခဲ့ပြီး မြို့လယ်မြကန်သာအတွင်းသို့ ဇီဝိတဒါနငါးလွှတ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့သည်။သင်္ကြန်ကာလအတွင်း ရာသီဥတုကောင်းမွန်ခြင်း၊ တန်ခိုးကြီးဘုရားပုထိုးနှင့် သဘာဝရှုခင်း၊ အင်းလေးကန်၊ သာယာစိမ်းလန်းသည့် တောတောင်ရေမြေတို့ကြောင့်မြန်မာပြည်အနှံ့မှ ဘုရားဖူးဧည့်သည်များ၊ ပြည်ပဧည့်သည်များဖြင့် အထူးပင်စည်ကားသည့် ပျော်စရာသင်္ကြန်နှင့် နှစ်သစ်ကူးပွဲတော်တစ်ခု ဖြစ်ခဲ့ကြောင်း သိရှိရသည်။ **နိုင်ထွန်း**

မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး နှစ်စဉ် ဖြစ်စဉ်ဖြစ်ရပ်များကိုသင်ခန်းစာယူပြီး လိုက်နာထိန်းသိမ်းခဲ့ကြသဖြင့် မှုခင်းဖြစ်ပွားမှု လျော့နည်း

နေပြည်တော် ဧပြီ ၁၉

ယခုနှစ် မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ အမျိုးသားစရိုက် ပြည့်ဝစွာ ယဉ်ကျေးမှုအစဉ်အလာမပျက် နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သင်္ကြန်ကာလအတွင်း မလိုလားအပ်သော ဖြစ်စဉ်ဖြစ်ရပ်များ မဖြစ်ပေါ်စေရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် သက်ဆိုင်ရာက ကြိုတင်သတိပေးနှိုးဆော်ချက်များကို သင်္ကြန်ရက်မတိုင်မီကပင် ထုတ်ပြန်၍ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သည့်အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း တာဝန်ရှိသူအသီးသီးတို့က စည်းကမ်းစနစ်တကျရှိစေရေး ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ခဲ့မှုကြောင့် ယခင်နှစ်ထက်မှုခင်းဖြစ်ပွားမှု လျော့နည်းခဲ့ကြောင်း တွေ့ရသည်။

နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို ရိုးရာဓလေ့နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ စည်းကမ်းတကျ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ သို့သော် အပျော်အပါးလွန်ကဲပြီး စည်းကမ်းလိုက်နာမှုအားနည်းသူတချို့ကြောင့် ယခုနှစ်သင်္ကြန်ကာလအတွင်း လူသတ်မှုသုံးမှု၊ ယာဉ်တိုက်မှု ၂၂ မှု၊ ခိုက်ရန်ဖြစ်ပွားမှု ၅၆မှု၊ ဝတ္တရားနှောင့်ယှက်မှုသုံးမှု၊ မူးယစ်ရမ်းကားမှု၂၂မှု၊ ခါးပိုက်နှိုက်/ ခိုးမှု ၃၉မှု၊ ကာယိန္ဒြေဖျက်ဆီးမှုငါးမှု၊ သေမှုသေခင်း၁၀မှု၊ မီးရှို့မှုတစ်မှု၊ လက်နက်ကိုင်ဆောင်မှုခြောက်မှု၊ အခြားအမှု ၁၀မှု စုစုပေါင်း ၁၇၇မှု ဖြစ်ပွားခဲ့ပြီး ၃၂ဦး သေဆုံးကာ ၁၉၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးထိခိုက် ဒဏ်ရာရရှိမှုမှာ လူသတ်မှုကြောင့် သေဆုံးသူသုံးဦး၊ ဒဏ်ရာရရှိသူတစ်ဦး၊ ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၁၄ဦး၊ ဒဏ်ရာရရှိ သူ၁၁၀၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ ၇၄ ဦး၊ ဝတ္တရားနှောင့်ယှက်မှုကြောင့် ဒဏ်ရာရ ရှိသူသုံးဦး၊ သေမှုသေခင်းကြောင့် သေဆုံးသူ ၁၅ ဦး၊ ကာယိန္ဒြေဖျက်ဆီးမှုကြောင့် ဒဏ်ရာရရှိသူ နှစ်ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

သင်ခန်းစာယူ

အပျော်လွန်ကဲမှုများကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများကို သင်ခန်းစာယူပြီး နှစ်သစ်တွင် မိမိအတွက်၊ မိမိတိုင်းပြည်အတွက် ကောင်းမြတ်သော လုပ်ငန်းစဉ်များကို ရွေးချယ်လုပ်ကိုင်ကာ စိတ်သစ်လူသစ်အားမာန်အသစ်တို့ဖြင့် ရှေ့ဆက်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ **(သတင်းစဉ်)**

မှုခင်းသတင်း

ရန်ကုန်မြို့ Park Royal ဟိုတယ်ရှစ်ထပ်မှ ဝန်ထမ်းတစ်ဦး ပြုတ်ကျသေဆုံး

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်မှ ဝန်ထမ်းတစ်ဦးသည် ယနေ့ နံနက် ၈နာရီ မိနစ်၂၀တွင် အဆိုပါဟိုတယ်၏ ရှစ်လွှာမှ ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ Park Royal ဟိုတယ်၏ အင်ဂျင်နီယာဌာနမှ ဝန်ထမ်း မောင်ကောင်းမြတ်ထက် အသက် ၂၅ နှစ် (ဘ) ဦးကိုကိုကြီး အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းနေသူသည် တာဝန်ထမ်းဆောင်ရန် ယူနီဖောင်းလဲ၍ အထပ် ရှစ်လွှာသို့ တက်သွားပြီး အကြာတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဖြစ်ပွားသည့် နေရာမှာ ဟိုတယ်၏ နောက်ကျောဘက် ဟိုတယ်ပတ်လမ်း ယောမင်းကြီးလမ်းဘက် ဝင်ပေါက်၌ ပက်လက်အနေအထား ပြုတ်ကျခဲ့ပြီး ဦးခေါင်းမှာ ပေါက်ပြဲကြေမွသွား၍ ဖြစ်ဖြစ်ချင်းနေရာ၌ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ သေဆုံးသူအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပီအာ ၁၃၇/၁၃ ဖြင့် လက်ခံထားပြီး ရန်ကုန်ပြည်သူ့ ဆေးရုံကြီး အအေးတိုက်သို့ပို့ဆောင်ခဲ့သည်။

"ဒီလိုဖြစ်တာ ကျွန်တော်တို့ ယုံတောင်မယုံကြည်ခဲ့ဘူး၊ သူက အင်ဂျင်နီယာဌာနက နေ့စားဝန်ထမ်းဖြစ်ပါတယ်။ အခုဖြစ်တာက နံနက် ၈ နာရီ မိနစ် ၂၀ လောက်ဖြစ်တာပါ။ နံနက် ၉ နာရီဆို အလုပ်ဝင်ရတာဆိုတော့ သူယူနီဖောင်းဝတ်နေတာကိုတော့ ကျွန်တော်တို့ သိလိုက်ပါတယ်။ အပေါ်တက်သွားတာကိုတော့ ဘယ်သူမှ မသိလိုက်ဘူး။ ကျွန်တော်တို့ဝန်ထမ်းတွေလည်းသူ့အတွက် လုံးဝစိတ်မကောင်းပါဘူး၊ အခုပဲဘုန်းကြီးတွေပင့်ပြီး ပရိတ်ရွတ်ဖတ်ပြီးတာပါ" ဟု အဆိုပါ ဟိုတယ်မှ ဝန်ထမ်းတစ်ဦးက သူသိသမျှကို ပြောပြခဲ့သည်။

ဟိုတယ်မှ တာဝန်ရှိသူများသည် ဖြစ်လျှင်ဖြစ်ချင်း သက်ဆိုင်ရာများနှင့် ဒဂုံရဲစခန်းသို့ အကြောင်းကြားခဲ့ရာ စခန်းမှူးနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်တို့သည် ချက်ချင်းအခင်းဖြစ်ပွားရာသို့ ရောက်ရှိလာကြပြီး သေမှုသေခင်း အမှုအမှတ် ၃/၁၃ ဖြင့် အမှုဖွင့်ခဲ့ပြီး အဆိုပါ အမှုအား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

အုတ်ကန်ပွင့်ကျ၊ ကလေးသုံးဦး သေဆုံးမှုဖြစ်ပွား

နတ်မောက် ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပ/ငွေးချိုကျေးရွာ၌ ရေအုတ်ကန်ရုတ်တရက်ပွင့်ကျပြီး ကလေးသုံးဦး သေဆုံး၊ တစ်ဦးဒဏ်ရာအနည်းငယ်ရရှိကြောင်း၊ ဧပြီ၁၆ ရက် နံနက် ၉နာရီ ၄၅ မိနစ်အချိန်က ဖြစ်သည်။

ဖြစ်စဉ်မှာ တစ်ရပ်တည်းနေ အသက် (၁၃နှစ်)အရွယ်ရှိ ကလေးလေးဦးဖြစ်သော မောင်ချစ်ဝေမောင် (ဘ) ဦးဇော်ခိုင် တောင်သူမှီခို၊ မမြင့်သန်းထိုက် (ဘ)ဦးရဲကြည်၊ မဟိန်းထက်ခြည် (ဘ) ဦးတန်ချစ်၊ မောင်လမင်းခန့်တို့ သူငယ်ချင်းတစ်စု သင်္ကြန်အတက်နေ့ဖြစ်၍ အုတ်ကန်အနီး ရေကစားနေစဉ် အုတ်ကန်မှာ ရုတ်တရက်ပွင့်ကျ၍ မြောက်ဘက်ခြမ်းရှိ မောင်ချစ်ဝေမောင်၊ မမြင့်သန်းထိုက်၊ မဟိန်းထက်ခြည်တို့ သူငယ်ချင်းသုံးဦး သေဆုံးပြီး မောင်လမင်းခန့် တစ်ဦးတည်း ဒဏ်ရာအနည်းငယ် ရရှိကြောင်း၊ သေဆုံးသူသုံးဦးမှာ အုတ်ကန် အုတ်နံရံပိကာ နေရာ၌ပင် သေဆုံးသွားကြောင်း သိရသည်။ အဆိုပါ အုတ်ကန်မှာ သက်တမ်း ၃၁ နှစ်ခန့်ရှိ ရေဂါလန် ၁၅၀၀ ဆံ့ဖြစ်ပြီး ရုတ်တရက် ပွင့်ကျခြင်း ဖြစ်သည်။ သေဆုံးမှုကို နတ်မောက်မြို့နယ် ရွှေပန်းတော ရဲစခန်းမှူး ရဲအုပ်အောင်စောဦးက တရားလိုပြုလုပ်ကာ သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သိရသည်။

နတ်မောက်သား

ဆိုင်ကယ် တံတားဝင်တိုက် တစ်ဦးသေ နှစ်ဦးဒဏ်ရာရရှိ

တောင်တွင်းကြီး ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီး ရဲစခန်းအနောက်ဘက် ၁၀မိုင်ခန့်အကွာတွင် ယာဉ်တိမ်းမှောက်မှု တစ်ခု ဧပြီ ၁၆ ရက်က ဖြစ်ပွားသည်။ ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် ညနေ ၃နာရီ ၄၅ မိနစ်တွင် ကြေးအိုးကြီးကွေ့အနီး တောင်တွင်းကြီး-မကွေးကားလမ်းမကြီးပေါ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားနေကြောင်း သတင်းအရ တာဝန်မှူး ဒုရဲအုပ်သန်းဇော်နှင့်အဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ တောင်တွင်းကြီး-မကွေးကားလမ်းအတိုင်း စိုးဝင်းကျော် (၁၉နှစ်) ဝါးခြမ်းကာ ကျေးရွာနေသူသည် ၂၈ယ/--- ကျောက်စိမ်းရောင်ကန်ဘို ၁၀၀ ကို မောင်းနှင်၍ နောက်မှတစ်ရွာတည်းနေ ရဲသွေး (၁၈နှစ်)နှင့် ကိုပေါက်ကျော်(ခ)မျိုးဇော်ထက် (၃၄)နှစ်ကိုတင်ဆောင်လျက် တောင်တွင်းကြီးဘက်မှ မကွေးဘက်သို့ စီးလာရာ မိုင်တိုင်အမှတ် ၂၈၉/၅ အနီး တံတားအမှတ် ၂၉၀/၅ အား ဝင်တိုက်မိပြီး စိုးဝင်းကျော်မှာ အခင်းဖြစ်ပွားသည့် နေရာတွင် ပွဲချင်းပြီး သေဆုံးကာ ရဲသွေးနှင့် ကိုပေါက်ကျော်(ခ)မျိုးဇော်ထက်တို့မှာ ဒဏ်ရာရရှိနေသည်ကို စစ်ဆေးတွေ့ရှိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့်ထားကြောင်း သိရသည်။

ဟသ်ာ(တောင်တွင်းကြီး)

ပြည်တွင်းသတင်း

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ဂန့်ဂေါ ဧပြီ ၁၉

ဂန့်ဂေါမြို့ ဒက္ခိဏာရာမကျောင်းတိုက်၌ ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၉ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အခြေပြုအဆင့်၊ ပထမအဆင့်နှင့် ဒုတိယအဆင့်သင်တန်းများ ခွဲခြား သင်ကြားပေးလျက်ရှိသည်။ အဆိုပါ သင်တန်းများတွင် မန္တလေးမြို့ ရေတံခွန်တောင်သစ္စဝေဒဂူကျောင်းတိုက်၊ ရန်ရှင်းအောင်ကျောင်းတိုက်၊ ရန်ကင်းတောင်ဥယျာဉ်တိုက်တို့မှ သံဃာတော်များနှင့် သီလရှင်ဆရာလေးများက သင်ကြားပို့ချပေးလျက်ရှိပြီး ကိုရင်(သာမဏေ) ၇၇ ပါးနှင့် သိက္ခာရှင် ၁၃၁ ပါးတို့ တက်ရောက်လျက်ရှိသည်။

အဆိုပါအဖွဲ့သည် ယဉ်ကျေးလိမ္မာသင်တန်းများကို ကလေးမြို့နယ်တွင် စကားလှမ္မာရုံ၊ ထောက်ကြံ့ရွာ၊ ဂန့်ဂေါမြို့နယ်တွင် မင်းရွာတို့၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ ဂန့်ဂေါမြို့နယ်တွင် ကျောရွာ၊ ကြက်ရိုးရွာ၊ ကျောက်ဂူတောရတို့၌လည်းကောင်း၊ ကလေးမြို့နယ်တွင် အင်းဒင်ရွာ၊ နတ်ချောင်းရွာ၊ နတ်မြောင်းရွာတို့၌လည်းကောင်း ဆက်လက်ဖွင့်လှစ်သွားမည်ဟု ရန်ကင်းတောင်ခြေ ချမ်းမြေ့ရုံသီစာသင်တိုက်မှ ဒေါ်ခေမာစာရီ၏ ပြောပြချက်အရ သိရသည်။ **(ယာပုံ)**

(၁၀၁)

လက်တွေ့ကာကွယ်ဆေးထိုး လုပ်ငန်းဆောင်ရွက်

ကျွန်းလှ ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံမွေးမြူရေးနှင့် ကုသရေး သင်တန်းသားများသည် ဧပြီ ၅ ရက် နံနက် ၈ နာရီက လက်တွေ့ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ သင်တန်းသားများအား အသားကဏ္ဍဖွံ့ဖြိုးရေးအတွက် မွေးမြူထားသော(DYL) ဝက်မျိုးသစ်ခြံများတွင် တစ်ဦးချင်း လက်တွေ့ကာကွယ်ဆေးထိုးခြင်း၊ အစာကျွေးခြင်းလုပ်ငန်းများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာညွန့်အောင်နှင့် တာဝန်ရှိသူများက လက်တွေ့ပြသ ရှင်းလင်းကြကြောင်း သိရသည်။ **(မျိုးဝင်းညို-ကျွန်းလှ)**

နိုင်ငံတကာဈေးကွက်ရှိသော ပဲပုပ် ပခုက္ကူဒေသ၌ စတင်စိုက်ပျိုးလာ

ပခုက္ကူ ဧပြီ ၁၉

နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရနေသော ပဲပုပ်ကို ယောနယ်နှင့် ပခုက္ကူအညာဒေသ၌ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာကြောင်း သိရသည်။ ပခုက္ကူအညာဒေသတွင် ပဲပုပ်များကို ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းရက်အတွင်း စိုက်ပျိုးကြသော်လည်း ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်ဒေသတို့တွင် မေလနှင့် ဇွန်လများ၌ စိုက်ပျိုးကြကြောင်း သိရသည်။ ပဲပုပ်သီးနှံကို ရှမ်းပြည်နယ်၌ ၆၀ ရာခိုင်နှုန်း စိုက်ပျိုး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ယောနယ် ပုံတောင်ပုံညာဒေသတစ်ဝိုက် စိုက်ပျိုးကြသည်။ ပြည်ပနိုင်ငံများသို့ နှစ်စဉ် ရေကြောင်းမှ ပဲပုပ်တန်ချိန် ၁၀၀၀ ဝန်းကျင်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တန်ချိန် ၇၀၀၀ ကျော်ဝန်းကျင် တင်ပို့ရောင်းချနိုင်ခဲ့သည်။

ပခုက္ကူ ကုန်စည်ဈေးကွက်တွင် သင်္ကြန်အကြို ဧပြီ ၁၂ ရက်တွင် ပဲပုပ်တစ်တင်း ငွေကျပ် ၁၇၃၀၀ ရှိခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ပဲပုပ်ဈေး ငွေကျပ် ၁၃၀၀၀ ဝန်းကျင်သာရှိခဲ့ကြောင်း ပွဲစားကြီးတစ်ဦးက ပြောသည်။ ဆေးပညာအရ ပဲပုပ်ပဲသည် ဖိုင်ဘာခေါ် အမျှင်ဓာတ်အကောင်းဆုံးအရင်းအမြစ်ဖြစ်ပြီး ၎င်းတွင် ဗီတာမင်စီဓာတ်၊ ဗီတာမင် B1 နှင့် ဖောလစ်ဓာတ်တို့ပါဝင်ကြသည်။ ပဲပုပ်သည် သွေးတွင်း ကိုလက်စထရောပမာဏမြင့်တက်မှုကို ချပေးနိုင်စွမ်းရှိသည်။

နေဦးမောင်(ပခုက္ကူ)

ရေစကြို၌ မိုဘိုင်းဖုန်း လျှောက်ထားသူများပြား

ရေစကြို ဧပြီ ၁၉

ပခုက္ကူခရိုင် ရေစကြိုမြို့တွင် CDMA-800 MHz ဖုန်းကတ်များကို ငွေကျပ် ၁၅၀၀ ဖြင့် ဧပြီ ၂၄ ရက်မှစပြီး ရောင်းချပေးသွားမည်ဖြစ်၍ ဖုန်းလိုင်းမိသော မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဧပြီ ၁၈ ရက်မှ ဧပြီ ၂၁ ရက်အထိ လျှောက်လွှာများကို လက်ခံပေးသွားမည်ဖြစ်ကြောင်း နည်းလမ်းမျိုးစုံဖြင့် အသိပေးထားကြောင်း သိရသည်။

ရေစကြိုမြို့နယ်အတွက် ယခုလတွင် CDMA-800 MHz ဖုန်း အလုံးရေ ၆၀၀ ရရှိမည်ဖြစ်သောကြောင့် လျှောက်လွှာများအားလုံးကို အများရှေ့တွင် ပွင့်လင်းမြင်သာစွာ မဲနှိုက်ရွေးချယ်ပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် လျှောက်လွှာများ စတင်လက်ခံမည့် ဧပြီ ၁၈ ရက်တွင် နံနက် ၇ နာရီကတည်းက ထွေ/အုပ်ရုံးရှေ့၌ လျှောက်လွှာဝယ်ယူသူများ လာရောက်နေကြသည်ကို တွေ့မြင်နေရသည်။

(အောက်ပုံ) အိမ္ပွန်ဆွေ(ရေစကြို)

သဘာဝကပေးသော လချေးခဲများကြောင့် ဒေသခံများ ဝင်ငွေကောင်းရရှိ

ပခုက္ကူ ဧပြီ ၁၉

အညာဒေသ၏ တန်ခိုးကြီးမားသော စွယ်တော်လေးဆူတွင် တစ်ဆူပါဝင်သော တန့်ကြည်တောင်ရိုးနယ်မြေများတွင် မီးရထားလမ်းကြောင့် သွားလာဆက်သွယ်မှု အားကောင်းလျှင်မြန်လျက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအနေအထားများလည်း ပိုမိုမြင့်မားတိုးတက်လာကြောင်း သိရသည်။

"မီးရထားလမ်းဖောက်လုပ်မှုကြောင့် လချေးခဲတွေထွက်ပေါ်လာပါတယ်။ ပေါ်ထွက်လာတဲ့ လချေးခဲတွေ ကို အမှုန့်ကြိတ်ပြီး မြေဆီဩဇာအဖြစ် တောင်သူတွေက အသုံးပြုပါတယ်"ဟု ဆိက္ခဝအုပ်စု အရာတော်ရွာသားတစ်ဦးက ပြောသည်။ **(အပေါ်ပုံ)**

ဆိက္ခဝ- အရာတော်-ရွာယာ-ရေနံချပ် စသည့် ဒေသခံပြည်သူများသည် တစ်ဖက်က တစ်ပိုင်တစ်နိုင်ရေနံတူး၍လည်းကောင်း၊ ကျွန်းသောင်ခုံများတွင် စိုက်ပျိုး၍လည်းကောင်း၊ တစ်ဖက်မှ လချေးခဲများတူးဖော်၍လည်းကောင်း၊ စီးပွားရေးအခွင့်အလမ်းကောင်းများ ရရှိနေကြသည်ဟု သိရသည်။ တောင်သူသုံး လချေးခဲများသည် တစ်နေ့လျှင် အချိန် ၁၅ ပိဿာခန့် တူးဖော်ရရှိပြီး ရွာပေါက်ဈေး တစ်ပိဿာ ငွေကျပ် ၁၀၀ ဝန်းကျင်ရှိလျက် မြို့ဈေးသို့သွားရောက် ရောင်းချလျှင် တစ်ပိဿာ ငွေကျပ် ၁၅၀ ဈေးရှိသည်ဟု သိရသည်။ "လချေးခဲကို အများဆုံးဝယ်ယူတာက ကြက်သွန်စိုက်တောင်သူတွေ အများဆုံးဝယ်ယူကြပါတယ်။ အထူးသဖြင့် အရာတော်နှင့်နီးသော ချိုက်-ဒေါသာ-အရှေ့ကမ်းဖြူ-ဂဝံ့လေးတိုင်-ရှုဒူး စသည့် ယောချောင်း ဘေးရွာများက အများဆုံး ဝယ်ယူနေကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

သရက်သီးမှည့်များ ဦးဦးဖျားဖျားပေါ် ဈေးကောင်းရ၍ခြံလုပ်ကိုင်သူများ အဆင်ပြေ

မန္တလေး ဧပြီ ၁၉

ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်တို့တွင် သရက်သီးမှည့်များ ဦးဦးဖျားဖျားပေါ်ကာ ဈေးကောင်းရ၍ သရက်ခြံလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုပေါ်သော သရက်မျိုးများမှာ အောင်ဒင်နှင့် စိန်တစ်လုံးသရက်မျိုးများဖြစ်ပြီး မန္တလေးသစ်သီးပွဲရုံများတွင် အောင်ဒင်သရက်သီးအလုံး ၂၀၀ ခန့်ပါသော ခြင်းတစ်ခြင်းလျှင် ငွေကျပ်တစ်သောင်းခွဲခန့်နှင့် စိန်တစ်လုံးသရက် ၁၀ လုံးလျှင် ငွေကျပ်နှစ်ထောင်ငါးရာခန့်ဖြင့် ရောင်းဝယ်ကြကြောင်း တွေ့ရသည်။ လက်လီရောင်းချသူများကလည်း အောင်ဒင်သရက်သီးတစ်လုံးလျှင် ငွေကျပ် ၂၀၀ ခန့်နှင့် စိန်တစ်လုံး သရက်သီးတစ်လုံးလျှင် ငွေကျပ် ၄၀၀ ခန့် ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။ အချို့သော ခြံရှင်များမှာ ကိုယ်ပိုင်ကားများဖြင့် ကိုယ်တိုင် လူစည်ရာနေရာများတွင် လိုက်လံ ရောင်းချနေကြောင်း တွေ့ရသည်။

မန္တလေးနယ်တစ်ဝိုက်တွင် တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်များတွင် သရက်ခြံအများအပြား စိုက်ပျိုးထားပြီး လှိုင်လှိုင်ပေါ်ချိန်တွင် တရုတ်ပြည်သို့ တင်ပို့ခြင်းမှာလည်း အဓိကဈေးကွက်တစ်ခု ဖြစ်သည်။

တရုတ်ပြည်မှ ဈေးကောင်းပေးပါက ခြံပိုင်ရှင်များ အကျိုးအမြတ် များပြီး ပြည်တွင်းစားသုံးသူများ ဈေးကြီးပေးရကာ တရုတ်ပြည်မှ ဈေးပေးမကောင်းပါက ခြံပိုင်ရှင်များ အကျိုးအမြတ်နည်းပြီး ပြည်တွင်းစားသုံးသူများ ဈေးနှုန်းချိုသာစွာ စားသုံးကြရသည်။

အေးမြ(မန္တလေးကိုယ်ပွား)

မကွေးဆေးရုံကြီး ဆိုင်ကယ်အပ်ခ ဈေးကြီးလွန်း

မကွေး ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး မကွေးပြည်သူ့ဆေးရုံကြီးမှာ မြို့ပြနှင့်ကျေးလက်နေ မရှိနွမ်းပါးသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွင် အထူးအားကိုးအားထားပြုရသော ဆေးရုံကြီးဖြစ်ကြောင်း သိရသည်။

သို့သော် ဆေးရုံကြီးသို့ ဝင်ထွက်သွားလာကြသော လူနာမေးသူများ၊ လူနာစောင့်များနှင့် အခြားလူမှုရေးကိစ္စများနှင့် ရုံးကိစ္စများအတွက် လာကြသူများမှာ ဆေးရုံဝင်းအတွင်းရှိ ဆိုင်ကယ်အပ်နှံရေးဌာနတွင် မိမိတို့ဆိုင်ကယ်များ အပ်နှံရာတွင် ဆိုင်ကယ်တစ်စီး ငွေကျပ်၂၀၀ မှ ၄၀၀ အထိ ပေးကြရသည်ဟု ကျေးလက်မှ လာပြီးလူနာစောင့်သူတစ်ဦးက "ညဆိုင်ကယ်အပ်ရင် ငွေကျပ် ၄၀၀၊ နေ့ဆိုလျှင် ဆေးရုံဝင်းထဲမှာ ဆိုင်ကယ်တစ်စီးအပ်ခ ငွေကျပ် ၂၀၀ ပေးရတာတော့ များတာပေါ့ဗျာ။ **(ဝဲပုံ)**

ဆေးရုံလာတက်တဲ့လူ အများစုဟာ ဆင်းရဲသားတွေများပါတယ်။ ငွေချို့တဲ့လို့ အပြင်ပုဂ္ဂလိကဆေးရုံတွေကို မတက်နိုင်လို့ ပြည်သူ့ဆေးရုံကို အားကိုးပြီးလာတဲ့သူတွေများတယ်။ ဆိုင်ကယ်တစ်စီး ငွေကျပ် ၂၀၀၊ ၄၀၀ တဲ့ဗျာ သက်သက်ညှာညှာလည်း လုပ်ကြပါဦးလို့ ပြောချင်ပါတယ်။ ဆေးရုံလိုနေရာမျိုးမှာ ကန်ထရိုက်ပေးပြီး အခွန်မကောက်စေချင်ဘူး" ဟု သူ၏ရင်တွင်းဆန္ဒကို ထုတ်ဖော်ပြောကြားသွားသည်။

မကွေးလှမြင့်

ရထားကြိတ်ခံရ၍ လူတစ်ဦးသေဆုံး

တောင်တွင်းကြီး ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် အုန်းတော(၂)ရပ်ကွက် ကြာညိုပန်းလမ်းနှင့် ရထားလမ်းဆုံရာ ရထားသံလမ်းပေါ်တွင် ဧပြီ ၁၄ ရက် နံနက် ၅ နာရီက လူတစ်ဦး ရထားကြိတ်သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဖုန်းဖြင့်သတင်းပေးပို့ချက်အရ အခင်းဖြစ်နေရာသို့ စခန်းမှူးရဲအုပ်စိုးသန်း၊ တာဝန်မှူး ဒုရဲအုပ်ကျော်ကျော်လှိုင်နှင့် သက်သေများ သွားရောက်စစ်ဆေးရာ ရထားလမ်း မိုင်တိုင်အမှတ် ၂၄၀/၁၄ အနီးတွင် သေဆုံးသူ မောင်ဝင်းမင်းထိုက် (၂၅ နှစ်) အုန်းတော(၂)ရပ်ကွက်အပိုင်း ၅ နေသူဖြစ်သည်ဟု ၎င်း၏ဇနီး မခင်စန္ဒာဝင်း၏ ပြောပြချက်အရ သိရှိရသည်။ ဧပြီ ၁၃ ရက် ည ၇ နာရီက ဝင်းမင်းထိုက်သည် အိမ်မှထွက်သွားပြီး ပြန်မလာသဖြင့် မခင်စန္ဒာဝင်းက ဝင်းမင်းထိုက်၏ မိခင်ဒေါ်တင်ဝင်း၊ ညီမ မခင်သွယ်လင်းတို့နှင့်အတူ လိုက်ရှာစဉ် ဝင်းမင်းထိုက်အား ကြာညိုပန်းလမ်းနှင့် ရထားလမ်းဆုံရာနေရာ ရထားလမ်းပေါ်တွင် ရထားကြိတ်ခံရ၍ သေဆုံးနေသည်ကို တွေ့ရှိရသည်။ သေဆုံးသူမှာ အရက်မူးပြီး ရထားလမ်းပေါ်တွင် အိပ်ပျော်နေစဉ် ဧပြီ ၁၄ ရက် ည ၁၀ နာရီ ၅ မိနစ်က ပုဂံ-နေပြည်တော် RBE အထူးအမြန်ရထား နင်းကြိတ်သေဆုံးကြောင်း စုံစမ်းသိရှိရသည်။ သေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စုံစမ်းစစ်ဆေးရန် စခန်းမှူး ရဲအုပ်စိုးသန်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် တောင်တွင်းကြီးရဲခစန်းက အမှုဖွင့်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ဟသ်ာ(တောင်တွင်းကြီး)

ပြည်တွင်းသတင်း

တောချေသားချက်ပြုတ်စားရာမှ အစာအဆိပ်သင့်မှုများဖြစ်ပွား

လင်းခေး မေ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်သည် တပ်နယ်မှူးမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ ကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၈ ရက် မွန်းလွဲပိုင်းက လင်းခေးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေကြသော ဆရာတော်သံဃာတော်များနှင့် ကျေးရွာသူကျေးရွာသားများအား စုပေါင်းအလှူငွေကျပ် နှစ်သိန်း ထောက်ပံ့ဆက်ကပ်လှူဒါန်းပေးကြသည်။ **(အောက်ယာပုံ)**

သင်္ကြန်အကြတ်နေ့၊ မေ ၁၅ ရက် ညနေ ၅ နာရီခန့်က လင်းခေး မြို့နယ် မအွန်လောင်းကျေးရွာအုပ်စု မပျင်းဝမ်ကျေးရွာ၌နေထိုင်သူ စိုင်းလောင် အသက်(၃၀) တောပစ် ယူဆောင်လာသော ချေသားကို ရွာသားများက ဝယ်ယူချက်စားခဲ့ရာ ယင်းနေ့ညနေ ၆ နာရီခန့်မှစတင်ကာ စားသုံးမိသူများ အစာအဆိပ်သင့်သကဲ့သို့ ဖြစ်ခြင်းကြောင့် ၎င်းရွာသားများ မေ ၁၆ ရက် ညနေပိုင်းမှစ၍ လင်းခေးပြည်သူ့ဆေးရုံသို့ ရောက်ရှိလာခဲ့ကြသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။ စိုင်းလောင်က တောပစ်ရရှိလာသော ချေသားတစ်တွဲလျှင် ကျပ်တစ်ထောင်နှုန်းဖြင့် အသားတွဲ ၃၅ တွဲကို ရွာသားများထံ ရောင်းပေးခဲ့ကြောင်း၊ ရွာသားများအနေဖြင့် ယခင်ကလည်း ချေသားချက်ပြုတ်စားလေ့ရှိသော်လည်း ဘာမျှမဖြစ်ခဲ့ပါကြောင်း မပျင်းဝမ်ရွာသူဖြစ်သော မယ်ထောက်ဟွမ်က ဆေးရုံပေါ်တွင် ပြောကြားသည်။

အဆိပ်သင့်

မပျင်းဝမ်ကျေးရွာအပြင် ရွာချင်းကပ်လျက်နေသော ဝမ်အင်ရွာမှ သုံးလေးအိမ်ကလည်း ဝယ်ယူစားခဲ့ကြောင်း၊ ရွာသူရွာသားအချို့က ချေသားကို ချက်ပြုတ်ပြီးနောက် မအွန်လောင်းဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဟင်းများသွားရောက်လောင်းလှူခြင်းဖြင့် ဆရာတော် သံဃာတော်၊ ကိုရင် ၁၆ ပါး အစာအဆိပ်သင့်ခဲ့ရကြောင်းသိရသည်။

လာရောက်ကုသ

ချေသားသည် လတ်ဆတ်သော အသားဖြစ်ကြောင်း၊ မည်သည့်အခြားဟင်းသီးဟင်းရွက်များနှင့်မျှရောနှော ချက်ပြုတ်စားမိခြင်းမရှိပါကြောင်း၊ မိမိတို့အားလုံး ယခင်ကာလများတွင်လည်း တောချေသားကိုစားဖူးသူများသာဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြစ်ရခြင်းကို ရွာသူရွာသားများအားလုံးက အံ့အားသင့်ရပါကြောင်း၊ ဆေးရုံတွင် တက်ရောက် ကုသမှုခံယူနေသောရွာသူရွာသားများက ပြောပြကြသည်။ ၎င်းဖြစ်စဉ်ကြောင့် အော့အန်လိုခြင်းနှင့် ဝမ်းသွားခြင်းတို့ဖြစ်လာပြီး ဆေးရုံသို့ လာရောက်ကုသရခြင်းဖြစ်ကြောင်း ဆရာတော်များ မြွက်ကြားချက်အရလည်း သိရှိရသည်။

ယခုအချိန်၌ လူနာအားလုံး ထပ်မံထူးခြားမှုလက္ခဏာများဖြစ်ပေါ်ခြင်းမရှိဘဲ လင်းခေးမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်ဒေါက်တာစိုင်းခေးရွှက်နှင့် ကျန်းမာရေးဝန်ထမ်းများ၏ စောင့်ရှောက်ကုသမှုကို ဆက်လက်ခံယူလျက် ကျန်းမာစွာ ရှိနေပြီဖြစ်ကြောင်း၊ အစာအဆိပ်သင့်သူများမှာ ရွာသားအမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၃ ဦးနှင့် သံဃာတော် ၁၆ ပါးစုစုပေါင်း ၄၈ ဦး ဖြစ်ကြောင်း သိရသည်။

စိုင်းဇော်လတ်(ပြန်/ဆက်)

နှစ်ဆန်းတစ်ရက်နေ့ ရခိုင်ပြည်နယ်၌ ဥပုသ်သီလဆောက်တည်သူများပြား

စစ်တွေ မေ ၁၉

၁၃၇၅ တန်ခူးလဆန်း ၇ ရက် (နှစ်ဆန်းတစ်ရက်)တွင် ရခိုင်ပြည်နယ်အဝန်း မြို့နယ်များ၌ ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

စစ်တွေမြို့ရှိ လောကမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၊ လက်ဝဲသလုံးတော်ဓာတ်စေတီတော်၊ ကမ်းနားလမ်းရှိ ကပ်ကျော်ဇေစေတီ၊ လောကနန္ဒာစေတီတော်မြတ်နှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ ဆွမ်း၊သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူကြသူများ၊ ငါး၊ လိပ်၊ ကျေးငှက်များအားဘေးမဲ့လွှတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ အချို့ဘုန်းတော်ကြီးကျောင်းများ၊ ရိပ်သာများတွင်လည်း တရားစခန်းများကိုဖွင့်လှစ်ကာ တရားအားထုတ်နေကြသူများကိုလည်း တွေ့ရှိရသည်။ “ဒီသုညတမွှာရုံမှာပဲ သင်္ကြန်သုံးရက်တွင်းမှာ ဥပုသ်သီလဆောက်တည်ကြသူများ၊ ဝိပဿနာတရားတော်များကို နာယူမှတ်သားကြသူများဟာ နေ့တိုင်းတစ်ရက်မှာ ၁၅၀၀ ကျော်လောက်ရှိပါတယ်။ ဒီနေ့ နှစ်ဆန်းတစ်ရက်မှာတော့ ၂၀၀၀ ကျော်ရှိပါတယ်။ ဒီနေ့ညနေပိုင်းကစပြီးတော့ ၁၀ ရက်တရားစခန်းကို မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယအတိုင်း မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဝဏ္ဏ (ဓာတ်လယ်ဆရာတော်) အရှင်သူမြတ်က ဟောကြားပြသသွားမှာဖြစ်ပါတယ်”ဟု စစ်တွေမြို့ အာဂျိတ်တော်ကုန်းမြေ ဝိမလဓမ္မနာဒ (ဓာတ်လယ်)ကျောင်းတိုက် ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်က ပြောပြသည်။ ထို့အပြင် ကျောက်တော်မြို့နယ်ရှိ မဟာမြတ်မုနိဘုရား၊ ကျောက်တော်တောင်ဘုရားများတွင်လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ဦးရာဇ်တော်ဓာတ်စေတီမြတ်၊ စမုံတော်ဓာတ်စေတီမြတ်တို့တွင်လည်းကောင်း၊ ပေါက်တောမြို့နယ်ရှိ ရင်အုံတော်ဓာတ်စေတီ၊ မာလာတော်ဓာတ်စေတီ၊ အူမတော်ဓာတ်စေတီတော်များစွာတွင်လည်းကောင်း၊ အခြားမြို့နယ်များရှိ ဗျာဒိတ်တော်ရဓာတ်တော်များ၊ ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီများတွင်လည်းကောင်း ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

လေးဝတီထွန်းစောခိုင်

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

အရိုးကျိုးပေါင်း၊ ခါးဆစ်နာ၊ အကြောညပ် စသောကျောရိုးဆစ်နှင့်
အခြားအရိုးအကြောဆိုင်ရာရောဂါများကုသမှုအစီအစဉ်

လည်ပင်းအရိုးကျိုးပေါင်းဝေဒနာ၊ ခါးနာ၊ အကြောညပ် စသောခါးဆစ်ရိုးနှင့်အခြားအရိုးအကြောဆိုင်ရာရောဂါများကို
မလေးရှားနိုင်ငံမှ အရိုးအကြောရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီး ကိုယ်တိုင်
ဧပြီလ ၂၄ ရက်မှ ၂၆ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

"နှလုံးရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်"

နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးကြွက်သားနှင့်သွေးကြောဆိုင်ရာရောဂါများ၊ မွေးရာပါနှလုံးရောဂါ၊ နှလုံးအဆို့ရှင်ရောဂါနှင့်
အခြားနှလုံးရောဂါအမျိုးမျိုးတို့အား မြန်မာဆရာဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံမှ နှလုံးအထူးကုဆရာဝန်ကြီးများ
ပူးပေါင်း၍ ဧပြီလ ၂၄ ရက်မှ ၂၆ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင် လာရောက်ကုသပေးမည်ဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ (၀၉) ၄၂၁ ၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး - (၀၉) ၄၃၂၀၇၇၈၁

ပြည်တွင်းသတင်း

အပန်းဖြေစခန်းမှ ပျဉ်ပုံဘဝရောက်

သီပေါ   မေ   ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌တည်ရှိပြီး ကားလမ်းမကြီးဘေးတစ်လျှောက် ဒုဋ္ဌဝတီမြစ်ကြီးမှာလည်း ညင်သာလှပစွာစီးဆင်းလျက်ရှိသဖြင့် သဘာဝအရင်းအမြစ်များအတိုင်း မြစ်နံဘေးရှုမျှော်ခင်းများကြည့်ရှု အပန်းဖြေနားနေနိုင်ရန် အေးရှားဝေါကုမ္ပဏီက စေတနာအရင်းခံဖြင့် လှပသောနားခိုစရာတဲငယ်လေးများ ဆောက်လုပ်ပေးထားသည်။

မှတ်တမ်းတင်

ထိုနားခိုစရာ တဲလေးများကို ကမ္ဘာလှည့်နိုင်ငံခြား ခရီးသွားများနှင့်ပြည်တွင်းဧည့်သည်များ နှစ်ခြိုက်စွာ အပန်းဖြေနားနေစရာ ဖြစ်သော်လည်း စည်းကမ်းမဲ့သူအချို့၏ အမိုးနှင့်ခင်းထားသော ပျဉ်ချပ်များဖြုတ်၍ မီးလှုံခြင်း၊ နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးခြင်းများကြောင့် ပျဉ်ပုံဘဝရောက်ပြီး အဝတ်လှန်းစရာတန်းသဖွယ်ဖြစ်နေသည်ကို မေ ၄ရက်က မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

(ယာပုံ)

ဆန္ဒရှိနေကြကြောင်း

ခရီးသွားများက အဆိုပါ အပန်းဖြေ နားနေစခန်းကို ပြန်လည်ဆောက်လုပ်ပေးရန် ဆန္ဒရှိနေကြကြောင်းသိရသည်။

စိုင်း(သီပေါ)

တောင်ပိုင်းဒေသများ၌ နေရာကွက်၍မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော်   မေ   ၁၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ တစ်ပြည်လုံးတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရေးမြို့တွင် ၀ ဒသမ ၂၇ လက်မ၊ ဟားခါးမြို့တွင် ၀ ဒသမ ၂၄ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၀ ဒသမ ၁၉ လက်မနှင့် ခန္တီးမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့ အဖြူရောင်နှလုံးသားအဖွဲ့ နယ်လှည့်ကွင်းဆင်းကုသ

မော်လမြိုင်ကျွန်း   မေ   ၁၉

မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးနေသော အဖြူရောင်နှလုံးသားအဖွဲ့၏ ကညင်ချောင်းကြီးကျေးရွာသို့ အခမဲ့ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်ကုသပွဲ၊ အကြိမ်(၃၀) မြောက် အသက် ၇၅ နှစ်အထက် ကညင်ချောင်းကြီး ဘိုးဘွား ၆၀အား ပူဇော်ကန်တော့ပွဲနှင့် အဖြူရောင်နှလုံးသားအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက ကညင်ချောင်းကြီး အလယ်ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ယင်းနောက် အဖြူရောင်နှလုံးသားအဖွဲ့မှ ဒေါက်တာပြည့်စုံခန့်၊ ဒေါက်တာ အေးပိုင်သန့်နှင့် ဆေးဝါးကျွမ်းကျင်အဖွဲ့တို့က ကျေးရွာငါးရွာမှ လူနာ ၁၄၀ အား ညနေ ၄ နာရီအထိ အခမဲ့ဆေးဝါးကုသပေးကြသည်။

ထို့နောက် အဖြူရောင်နှလုံးသားအဖွဲ့သို့ မြို့နယ်ကျန်းမာရေးဌာနမှ ဦးတင်လှိုင်-ဒေါ်ခင်ထားကြည်မိသားစုတို့က ငွေကျပ် ၅၀၀၀၀ ပေးအပ်ရာ အဖြူရောင်နှလုံးသားအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဇင်က လက်ခံယူခဲ့ကြောင်း သိရသည်။ **(၀၆၅)**

ရေမြောင်းအတွင်း သက်ဆင်းသည့် တက္ကစီ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် စော်ဘွားကြီးကုန်း ဓာတ်ဆီဆိုင်အနီး မေ ၁၉ ရက် နံနက် ၆ နာရီခန့်က ရန်ကုန်(ရှစ်မိုင်)ဘက်မှ မင်္ဂလာဒုံ (စော်ဘွားကြီးကုန်း ဓာတ်ဆီဆိုင်)ဘက်သို့ ယာဉ်မောင်း ဦးသောင်းဝင်းထက် မောင်းနှင်လာသော အငှားယာဉ် (တက္ကစီ)ကား ကက/---- ဆန်နီစူပါဆလွန်းသည် အကွေ့၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဓာတ်တိုင်ကို တိုက်၍ ရေမြောင်းအတွင်း ထိုးကျသွားသည်ကို တွေ့ရစဉ်။

ကျော်သူရ

စစ်တွေ၌ မီးလန့်မှုဖြစ်ပွား

စစ်တွေ   မေ   ၁၉

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မေ ၁၇ ရက် ညနေ ၃ နာရီခွဲက စစ်တွေမြို့ လမ်းမတော်မြောက်ရပ်ကွက်ရှိ ဦးနီးအောင်နေအိမ်၏ထမင်းစားခန်းရှိ ဝိုင်ယာပလပ်ခုံမှ လျှပ်စစ်ဝိုင်ယာကြိုးများ ဟောင်းနွမ်းမှုကြောင့် အပူရှိန်လွန်ကဲကာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ အချိန်မီ မီးငြိမ်းသတ်နိုင်မှုကြောင့် ဝါးထရံကာတစ်ခုသာ မီးလောင်ကျွမ်းမှု ဖြစ်ခဲ့ကြောင်းသိရသည်။

ကစ္ဆပမီဒီယာ

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

နေရာကောင်းတိုက်ခန်း(မြေညီ) အမြန်ရောင်းမည် (ပွဲစားမလို)

လှိုင်၊ အေးရိပ်မွန်အိမ်ရာ၊ ရတနာမွန် ၃လမ်း၊ မြေညီထပ် ပေ(၂၅×၅၀)၊ 1MBR, 2BR ပြင်ပြီး ကြွေပြားခင်း၊ 2 A/C, Sofa Set အသင့်နေနိုင် ကျပ်သိန်း ၅၆၀။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၉၆၉၇၇

အများသိစေရန် ကြေညာအပ်ပါသည် ပုဂံယဉ်ကျေးမှုဇုန်နယ်မြေ နိုင်ငံခြားသားလည်ပတ်သူများထံမှ ဇုန်ဝင်ကြေးကောက်ခံမှုတာဝန်အပ်နှံလို၍ လျှောက်ထားလွှာတင်သွင်းခွင့် ကြေညာချက်

၁။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသော အသင်းအဖွဲ့များထံမှ တစ်ခုခုကို ခရီးသွားလုပ်ငန်း (ပြည်ပ)မြှင့်တင်ရေး (Promotion)ဆောင်ရွက်နိုင်ရန်အလို့ငှာ တစ်ဖက်တစ်လမ်းမှ ကူညီပေးရန် စီမံလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းသည် ယဉ်ကျေးမှုအခြေခံခြင်း၊ သဘာဝအခြေခံခြင်း အမျိုးအစားများသာဖြစ်သည်ဟု ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းဆောင်ရွက်သော အလုပ်ရုံဆွေးနွေးပွဲများအရ သိရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခရီးသွားလုပ်ငန်း (ပြည်ပ) မြှင့်တင်ရေးရန်ပုံငွေ တောင့်တင်းခိုင်မာစေရန် အထောက်အကူပြုသောအားဖြင့် ပုဂံဇုန်သို့ လည်ပတ်သော ဧည့်သည်များထံမှ ဇုန်ဝင်ကြေးကောက်ယူသည့်တာဝန်ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက အသိအမှတ်ပြုသော မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့ (Myanmar Tourism Federation)သို့ဖြစ်စေ၊ အခြား Tourism အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ အပ်နှံလိုပါသည်။ သို့ဖြစ်ပါ၍ ပုဂံဇုန်ကြေးကောက်ခံသည့်တာဝန်ကို ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား ဆောင်ရွက်ပေးလိုသော အများစုပေါင်းပါဝင်သည့် Tourism အသင်းများသည် အောက်ပါအချက်များ ဖော်ပြလျက် လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) မြန်မာနိုင်ငံသားပိုင် အသင်းအဖွဲ့ဖြစ်ရမည်။

(ခ) Non Politic နိုင်ငံရေးမသက်ဆိုင်သော၊ Non Profit အမြတ်အစွန်းမရယူသော အခြေခံမူဖြင့် ဆောင်ရွက်သည့် အသင်း/အဖွဲ့ ဖြစ်ရမည်။

(ဂ) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက အသိအမှတ်ပြုသော ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်း/အဖွဲ့ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက ဖွဲ့စည်းခွင့်ရရှိပြီး အသင်းအဖွဲ့(သို့မဟုတ်) လွန်ခဲ့သော ခြောက်လ (၁-၉-၂၀၁၂)ရက် မတိုင်မီက မိမိတို့အသင်းဖွဲ့စည်းခွင့် တင်ပြလျှောက်ထားပြီးသော အသင်း/အဖွဲ့ ဖြစ်ရမည်။

(ဃ) ကမ္ဘာနှင့်အဝန်း ကျင်းပလျက်ရှိသော ခရီးသွားလုပ်ငန်းပွဲတော်များ၊ ပြပွဲများ၊ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးပွဲများတွင် ဈေးကွက်ရှာဖွေရေးအတွက် သွားရောက်ပြသဖူးခြင်း၊ ဦးဆောင်စီစဉ်ဖူးခြင်း၊ မိမိကုမ္ပဏီ၏ ပြခန်းခင်းကျင်းပြသဖူးခြင်းစသည့် အတွေ့အကြုံများနှင့် ခရီးသွား ကိုယ်စားလှယ်မိတ်ဆွေများရှိကြောင်း ဆွေးနွေးနိုင်ရမည်။

(င) သက်ဆိုင်ရာ အသင်း/အဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်မှုကို အသင်းသားများက လက်ခံသဘောတူကြောင်း သတင်းစာတွင် ဖော်ပြနိုင်ရမည်။

(စ) မိမိအား ဇုန်ကြေးကောက်ယူပေးရန် တာဝန်အပ်နှင်းခြင်းခံရပါက ပုဂံယဉ်ကျေးမှုဇုန် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် နှစ်စဉ်သုံးစွဲမည့် ငွေပမာဏ ဖော်ပြနိုင်ရမည်။

(ဆ) မိမိအသင်း/အဖွဲ့အား ဇုန်ကြေးကောက်ယူပေးရန် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်နှစ်အတွင်း ဆောင်ရွက်မည့် Promotion Plan ဖော်ပြရမည်။

(ဇ) ဝန်ဆောင်မှုကြေးရရှိသည့် မိမိ(အသင်း/အဖွဲ့)၏ငွေကို အခြေခံ၍ ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ ခရီးသွားကုမ္ပဏီ ခရီးစဉ်ပြသခြင်း စသော မည်သည့်အရင်းအနှီး၊ အမြတ်အစွန်း လုပ်ငန်းကိုမျှ လုပ်ဆောင်မည် မဟုတ်ကြောင်း ဝန်ခံချက် ရေးထိုးရမည်။

(ဈ) မိမိ(အသင်း/အဖွဲ့)ကို ဇုန်ကြေးကောက်ယူပေးရန် တာဝန်အပ်နှင်းခြင်းခံရပါက တစ်နှစ်လျှင် ယဉ်ကျေးမှုဝန်ကြီးဌာန (နိုင်ငံတော်သို့) အနည်းဆုံး အမေရိကန် ဒေါ်လာနှစ်သန်း သို့မဟုတ် ကောက်ခံရရှိငွေ၏ ၈၅ရာခိုင်နှုန်းအနက် များရာထက်ကျော်လွန်၍ ပေးသွင်းနိုင်ပါသည်ဟူသော တွက်ချက်မှု ပါရှိရမည်။

(ည) အခြားတောင်းခံ/တင်ပြ/အကြံပြုချက်များ တင်ပြရမည်။

၃။ လိုအပ်ပါက မိမိအသင်း/အဖွဲ့အား ထောက်ခံမှုပေးနိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနတစ်ခု၏ ထောက်ခံချက်သော်လည်းကောင်း၊ အစိုးရအသိအမှတ်ပြု စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အသင်းကြီးတစ်ခုခု၏ ထောက်ခံချက်သော်လည်းကောင်း ပူးတွဲတင်ပြနိုင်သည်။

၄။ လုပ်ငန်းအပ်နှံခြင်းခံရပါက ဆက်လက်ဆောင်ရွက်ရန်အတွက် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်းလက်ခံရမည်။

၅။ ယင်းအချက်များနှင့် ကိုက်ညီပြီး လုပ်ငန်းတာဝန် လက်ခံဆောင်ရွက်လိုသူ ခရီးသွားလုပ်ငန်းဆိုင်ရာ မည်သည့်အဖွဲ့အစည်းမဆို စိတ်ဝင်စားပါက ၃၀-၄-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီး ဦးအောင်နိုင်မြင့် ရုံးအဖွဲ့မှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာနသို့လိပ်မူ၍ ဦးကျော်ဦးလွင် ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ မိတ္တူပေးပို့ လျှောက်ထားရမည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

ဒီဇယ်ဓာတ်အားပေးမီးစက်ကြီးများ ဝယ်ယူရန် အလိုရှိသည်

၁။ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ၁၁-၁၂-၂၀၁၃ရက်နှင့် ၂၂-၁၂-၂၀၁၃ရက်တို့တွင် ကျင်းပပြုလုပ်မည့် 27th SEA Games ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကြီးအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အား ၅၀၀၀ ကီလိုဝပ် သုံးစွဲမည်ဖြစ်ရာ ၁၀၀၀ KVA နှင့် ၅၀၀ KVA မီးစက်ကြီးများကို ဝယ်ယူလို၍ ရောင်းချပေးလိုသူ(သို့မဟုတ်) ဝယ်ယူပေးလိုသူများ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ တင်သွင်းလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာပုံစံများကို ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးကော်မတီရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၂၃-၄-၂၀၁၃ရက်မှ ၃၀-၄-၂၀၁၃ရက်အတွင်း မှတ်ပုံတင်စာရင်းသွင်းရန်နှင့် လျှောက်လွှာပုံစံတစ်စောင်လျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်ထားမှုကို ၁၀-၅-၂၀၁၃ရက် နောက်ဆုံးထားလျက် ဝယ်ယူရာဌာနသို့ ပေးပို့လျှောက်ထားရမည်-

(က) ရောင်းချလိုသည့်ပစ္စည်း၏ကုန်အမှတ်တံဆိပ်၊ အမည်၊ အမျိုးအစား၊ စက်စွမ်းရည်စသည်တို့နှင့်ပတ်သက်၍ ခိုင်မာပြည့်စုံကောင်းမွန်မှုရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကဖြစ်စေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) က ဖြစ်စေ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

(ခ) ရွေးချယ်ခြင်းခံရပါက စာချုပ်ချုပ်ဆိုပြီး ၁၄ရက်အတွင်း ကုန်ပစ္စည်းတန်ဖိုး၏ ၁၀ရာခိုင်နှုန်းနှင့်ညီမျှသော ငွေအတွက် ခိုင်မာသော ဘဏ်အာမခံတောင်းလျှင် တင်ပြနိုင်ရမည်။

(ဂ) ပေးသွင်းမည့်ကုန်ပစ္စည်းကို ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပမည့် အားကစားကွင်းသို့ အရောက်ပေးပို့ရမည်။

(ဃ) ပေးသွင်းလာသောကုန်ပစ္စည်းများသည် မူလမှာကြားသည့်အရေအတွက်နှင့် မကိုက်ညီခြင်း၊ ထုတ်လုပ်သည့်နိုင်ငံ မကိုက်ညီခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်နှင့် မကိုက်ညီခြင်း၊ အပြစ်အနာအဆာနှင့် ချို့ယွင်းပျက်စီးမှုများရှိပါက အစားထိုးလဲလှယ် ပေးသွင်းရမည်ဖြစ်ပြီး ၄င်းအတွက် ကုန်ကျစရိတ်အားလုံးကို ရောင်းချသူမှ ကျခံရမည်။

၂။ အသေးစိတ်သိရှိလိုပါက ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

ပြည်တွင်းသတင်း

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၉) သင်တန်းဆင်း (၁၅)နှစ်ပြည့် သလင်းရတုအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အတွက်ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသော တပ်မတော်သားများအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၅၀၀၀၀၀ ကို တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး၌ ဧပြီ ၁၀ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြန်မာ့အလင်း)

ရခိုင်ပြည်နယ်အတွင်း ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည်

ရန်ကုန် ဧပြီ ၁၉

ဧပြီလ နောက်ဆုံးပတ်အတွင်း ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည့် အစီအစဉ်အား ရခိုင်ပြည်နယ်အတွင်း လုပ်ဆောင်သွားရန်ရှိကြောင်း ယူနီဆက်ဖ်မြန်မာမှ သိရှိရသည်။

"ပထမအကြိမ်အနေနဲ့ မတ်လ ၂၆ ရက်မှ ၃၀ ရက်အထိ ရခိုင်ပြည်နယ်အတွင်းမှာ ပိုလီယိုကာကွယ်ဆေးတိုက်ခဲ့ပါတယ်။ ဆက်လက်ပြီး ဧပြီလနောက်ဆုံးအပတ်မှာ ကယ်ဆယ်ရေးစခန်းတွေနဲ့ ကျေးရွာတွေအထိဆင်းပြီး အသက်ငါးနှစ်အောက်ကလေးတွေကို တိုက်ကျွေးမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ပိုလီယိုကာကွယ်ဆေးအပြင် အခြား BCG ကာကွယ်ဆေးတွေအပြင် အာဟာရတိုက်ကျွေးရေး အစီအစဉ်တွေကိုပါ ဆက်လက်ဆောင်ရွက်ပေးသွားမယ်"ဟု ယူနီဆက်ဖ် ဌာနေကိုယ်စားလှယ် မစ္စတာ ဘက်ထရန်ဗိန်းဘဲလ်က ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် မွေးကင်းစကလေးမှ အသက်ငါးနှစ်အောက်ကလေးငယ်များအနက် ၄၄ ရာခိုင်နှုန်းခန့်မှာ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုမရရှိခဲ့ခြင်းကြောင့် ယခုကဲ့သို့ စီမံချက်များဖြင့် တိုက်ကျွေးပေးခြင်းဖြစ်ကြောင်း ယူနီဆက်ဖ်မြန်မာမှ သိရသည်။

ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးအစီအစဉ်၌ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၂ ခုမှ ကလေးငယ်သုံးသိန်းကျော်အား ကာကွယ်ဆေး တိုက်ကျွေးနိုင်ခဲ့ကာ ယခုဒုတိယအကြိမ်တွင်လည်း ဒေသအတွင်း ကျန်ရှိနေသေးသည့် ငါးနှစ်အောက် ကလေးငယ်အားလုံး တိုက်ကျွေးခွင့်ရရန် အထူးဂရုပြုဆောင်ရွက်မည် ဖြစ်သည်။

လာမည့် ၂၀၁၄ ခုနှစ်အတွင်း ပိုလီယိုရောဂါကင်းစင်သည့် မြန်မာနိုင်ငံဖြစ်လာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်ဖ်တို့ပူးပေါင်းကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုး ရက်သတ္တပတ်များ ပြုလုပ်ကျင်းပခဲ့ကြောင်း ယူနီဆက်ဖ်မြန်မာက သတင်းထုတ်ပြန်ခဲ့သည်။

ခင်ရတနာ

သဖန်းသာရွာမှ ပေါ်ဦးပေါ်ဖျား ကြက်သွန်များ

မြင်းမူမြို့၏ အရှေ့တောင်ဘက် ၇ မိုင်ခန့်အကွာရှိ စစ်ကိုင်းမြို့နယ် သဖန်းသာရွာသစ်သည် မူးမြစ်၏ တောင်ဘက်ကမ်းပါးထိပ်တွင် တည်ရှိသည်။ ထိုရွာသည် အိမ်ခြေ ၁၈၀ ခန့်ရှိပြီး တောင်သူ ၁၅၀ ခန့်ရှိသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ကုလားပဲအပါအဝင် ပဲမျိုးစုံ၊ ငှက်ပျော၊ ကြက်သွန်နီ/ဖြူ (မြေပဲ၊ နှမ်းအနည်းငယ်) စိုက်ပျိုးကြောင်း သိရှိရသည်။

ဇင်းရွာရှိ တောင်သူဦးသိန်းမြင့်ထွန်း၏ ကြက်သွန်ခင်းကို ဧပြီ ၁၆ ရက်က စနုတ်ကြောင်းသိရ၍ သွားရောက်ရာ မြင်ကွင်းက ဝင်းထဲမိုးကာမိုးထားသည့်အောက်တွင် ကြက်သွန်ပုံအား ခမောက်ကိုယ်စီ ဆောင်းထားသည့် အမျိုးသမီး ၂၀ ခန့်က ကြက်သွန်ဥအပူးအခွနှင့် အရေခွံလန် အပဲ့အနာအဆာများကို ရွေးဆယ်နေသည်ကို တွေ့လိုက်ရသည်။ တောင်သူဦးသိန်းမြင့်ထွန်းအား ကြက်သွန်နှင့်ပတ်သက်၍ သိလိုသည်များကို မေးကြည့်ရာ "ကြက်သွန်မျိုးစေ့က ကျွန်တော်တို့ ကိုယ့်မျိုးစေ့ကိုယ် သုံးထားတာပါ။ အပြင်က မဝယ်ရပါဘူး။ နတ်တော်လထဲမှာ ပျိုးထောင်ပြီး စိုက်မယ့်အခင်းမှာ မြေပြုပြင်ထားရတယ်။ ပျိုးပင် ၄၅ ရက်သားအရောက်မှာ တစ်ဧကကျော်ကို လူ ၁၀၀ နဲ့ ပြောင်းရွှေ့စိုက်ပျိုးရေသွင်းရတယ်။ စိုက်ပျိုးပြီး ၁၂ ရက်သားအရောက်မှာ ကြက်သွန်ပေါင်းသတ်ဆေးပက်ဖျန်းရတယ်။ သေသွားတဲ့ ပေါင်းပင် မြက်ပင်တွေကိုရှင်း၊ တစ်လသားအရောက်မှာ ဒုတိယရေပေးသွင်းရတယ်။ ပိုးသတ်ဆေး၊ မှိုသတ်ဆေးပက်ဖျန်းပေးရတယ်။ ရက်ကတဖြည်းဖြည်းနောက်ဆုတ်ပြီး ၁၅ ရက်သားအရောက်မှာ ရေတတိယအကြိမ်သွင်းပေးရတယ်။ ပိုးသတ်ဆေး၊ မှိုသတ်ဆေး ထပ်ပက်ဖျန်းပေးရတယ်။ ခုနစ်ရက်သားအရောက် စတုတ္ထရေသွင်း၊ ကြက်သွန်ဥချဆေး စတင်ပက်ဖျန်းရတယ်။

နောက်ခုနစ်ရက်သားတွင် ရေသတ္တမအကြိမ်ထိ သွင်းပေးရတယ်။ ရေသွင်းပေးရတဲ့အကြောင်းအရင်းက ကြက်သွန်ဥချချိန်ဥတိုးအား ကောင်းစေရန်နှင့် မြေပျော့စေရန် ရေသွင်းပေးခြင်းလို့ ယူဆတယ်။ ရေသတ်မှတ်သည့် အတိုင်းပြည့်စုံလျှင် ဘာမှလုပ်စရာ မလိုတော့ဘဲ ကြက်သွန်ဥဖြစ်ပြီး အလွန်အရေးကြီးကြောင်း ဝါး၊ ထရံများကို အခင်းနဲ့အကာအဖြစ် အသုံးပြုကြရတယ်။ နှစ်ပေအမြင့်အောက်ခြေတိုင်စိုက် လေဝင်လေထွက်ကောင်းရန်နှင့် မိုးမပက်ရန်တို့ကို ဂရုစိုက်ကြရတယ်။ ယခုကျွန်တော်တို့ ကြက်သွန်မျိုး တစ်ဧကကို ပိဿာချိန် ၄၅၀၀ မှ ၅၀၀၀ အထိထွက်ပါတယ်။ ကျွန်တော်တို့ရွာအနီးကပွဲစားတွေ ရွာအထိ လာဝယ်တယ်"ဟုပြောကြားသည်။ ယခု ပေါ်စ တစ်ပိဿာကို ဥကြီးရှယ် ငွေကျပ် ၃၀၀၊ ဥလတ် တစ်ပိဿာကို ငွေကျပ် ၂၈၀ ပေါက်စျေးဖြင့် ဝယ်ယူလျက်ရှိသည်။

အပင်များ ခြောက်သွေ့သွားလျှင် နုတ်လို့ရပါပြီ၊ ကျွန်တော် တစ်ဧကကျော် စိုက်ထားတာပါ။ ဧပြီ ၁၆ ရက်မှ ၁၇ ရက်အထိ လူအယောက် ၆၀ ဖြင့် နုတ်ပါတယ်။ တစ်ဦး တစ်နေ့ကုန် လုပ်အားခငွေကျပ် ၁၆၀၀ ပေးရတယ်။ အခုကျွန်တော့် အိမ်ဝင်းထဲ ကြက်သွန်ရွေးတဲ့လူ ၂၀ ရှိပါတယ်။ တစ်ဦးကို တစ်နေကုန် လုပ်အားခ ငွေကျပ် ၁၆၀၀ ပေးရတယ်။ ကြက်သွန်ဥများကို လှောင်မည်ဆိုပါက ရှိသည်။

ပြီးခဲ့သည့်နှစ်က တစ်ပိဿာကို ရွာတွင် ငွေကျပ် ၇၀၀ နှုန်းရှိသည်။ နောက်ပိုင်းတွင် ကြက်သွန်က လည်းကုန် စျေးနှုန်းက ငွေကျပ် ၁၀၀၀ နှင့် ငွေကျပ် ၁၂၀၀ လောက်အထိ ရှိလာသဖြင့် စိုက်ပျိုးသူများက စျေးတက်မှ ရောင်းထုတ်မည်ဖြစ်ကြောင်း စိတ်ကူးရှိနေကြသည်ဟု သိရသည်။ **(အပေါ်ပုံ)**

ကိုကိုနိုင်(မြင်းမူ)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၂၀-၄-၂၀၁၃ရက်တွင် ကျရောက်သော ဖေဖေ ဦးကြီးစိုး ညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အသက်(၆၀)ပြည့် မွေးနေ့မှသည် နှစ်ပေါင်း ၁၂၀တိုင် ဇနီး၊ သားသမီး၊ မြေးမြစ်များနှင့် ကျန်းမာပျော်ရွှင်စွာ နေထိုင်ရပါရန် ဆုတောင်းအပ်ပါသည်။

ချစ်သား - စိုးဇာရှိန်
သမီး - ခင်သီတာအေး
မြေး - ဟိန်းထက်စိုး

အထူးကျေးဇူးတင်လွှာ

မကွေးမြို့တွင် ၁၇-၄-၂၀၁၃ ရက် ညနေ ၁၅:၀၀နာရီ ခန့်တွင် အမေထွားပဲဆီသန့်၊ နှမ်းဆီသန့်မိသားစုမှ မတော်တဆ မီးလောင်မှုဖြစ်ပွားစဉ်အတွင်း ဝိုင်းဝန်းကူညီမီးငြိမ်း သတ်ပေးကြပါသော မကွေးတိုင်းဒေသကြီး ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် မြို့နယ်အသီးသီးမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ရန်အတွက် ဝိုင်းဝန်း ရေသယ်ပေးပါသော ဌာနဆိုင်ရာများ၊ မကွေးမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ရဟန်းသံဃာတော်များ၊ မိဘပြည်သူများ၊ မကွေးစက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ အသင်းသားများနှင့်တကွ စက်ရုံလုပ်သားများ အားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

အမေထွားပဲဆီသန့်မိသားစု
မကွေးမြို့

GOLDEN STAR

အာရှနဂါး
ချောင်းသာ/ ငွေဆောင်
Ph : 703790,09-861-9008
707062,09-861-7770

အများသိစေရန်ကြေညာချက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဝင်း (ခရေပင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်)ရှိ အဆောက်အအုံ ၁၉လုံး အား ၂၄-၄-၂၀၁၃ရက် နံနက် ၁၀နာရီတွင် မြို့တော်ခန်းမ၌ လေလံစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသဖြင့် လေလံလျှောက်လွှာများကို ၂၂-၄-၂၀၁၃ရက်မှစ၍ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ (၁၀)ထပ်ရုံး (ငါးလွှာ)တွင် ရောင်းချပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးခြင်း

ကျွန်တော် ပိုင်ကိုကို၏ Passport No. M-348305 စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၅၀၁၃၆၁၅၊ ၀၉-၅၁၁၂၅၆၈

ဓာတ်ဆီ ဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလနေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

နိုင်ငံတကာအားကစားသတင်း

အသင်းကြီးတွေ အကျပ်တွေ့မယ့် ပရီမီယာလိဂ်ပွဲစဉ်(၃၄)

အပတ်စဉ်ပွဲတွေနဲ့ လက်ကျန်ပွဲစဉ်တွေကို မနားတမ်းဆင်နွှဲနေရတဲ့ ပရီမီယာလိဂ်ဘောလုံးအသင်းတွေဟာ ဧပြီ ၂၀ ရက်နဲ့ ၂၁ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ်(၃၄) ကိုယှဉ်ပြိုင်ဖို့ တာစူပြင်ဆင်နေကြပြီဖြစ်ပါတယ်။ ရာသီကုန်ချိန်နီးကပ်လာတာနဲ့အမျှ မျှော်လင့်ချက်ကိုယ်စီနဲ့ အကြိတ်အနယ်ဆင်နွှဲနေကြတဲ့ အသင်းတွေဟာ တက်ကုန်ရှက်ကုန်နဲ့ လက်ကုန်ကြိုးစားနေကြဆဲ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

မန်ယူနှင့် ဗီလာ

ပထမအကျော့ အဝေးကွင်းမှာ မန်ယူတို့နိုင်ပွဲရရှိထားလို့ ဒီပွဲမှာတော့ ဗီလာတို့ရှုံးကန်ရပါလိမ့်မယ်။ မန်ယူကွင်းမှာကစားတိုင်း ဗီလာတို့နိုင်ပွဲရတာနည်းတာမို့ အိုးထရက်ဖို့ဒ်မှာ မန်ယူတို့အမှတ်ပြည့်ယူနိုင်ရေး ကြိုးစားမှာဖြစ်ပါတယ်။ ဗီလာတိုက်စစ်မှူးတွေဟာ ဂိုးသွင်းနိုင်စွမ်းရှိပေမယ့် ခံစစ်ပိုင်းအားနည်းချက်ရှိနေတာမို့ မန်ယူတိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှု ကျော်ဖြတ်မှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ အိုးထရက်ဖို့ဒ်မှာ မန်ယူပရိသတ်တွေအတွက် ကျေနပ်စရာ ရလဒ်ကို ပုံဖော်ပေးနိုင်ပါလိမ့်မယ်။

လီဗာပူးနှင့်ချယ်လ်ဆီး

အန်းဖီးလ်ကွင်းမှာ နည်းပြဟောင်း ဘင်နီတက်စ်နဲ့ တိုက်စစ်မှူးဟောင်းတောရက်စ်တို့ရဲ့ တစ်ကျော့ပြန် ခရီးစဉ်ဖြစ်တာမို့ ရင်ခုန်စရာ ပွဲစဉ်ဖြစ်နေပါတယ်။ အန်းဖီးလ်ကွင်းမှာ လီဗာပူးပရိသတ်တွေရဲ့ တုံ့ပြန်မှုကို ခံရနိုင်ဖွယ်ရှိတဲ့အတွက် ကြည့်ကောင်းမယ့်ပွဲပါပဲ။ ချယ်လ်ဆီးဟာ ကစားအားမာကျောပေမယ့် အခုတလော ခြေယိုင်နေတာမို့ လီဗာပူးကွင်းမှာ ခက်ခဲမှုတွေနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။

စပါးနှင့်မန်စီးတီး

ပထမအကျော့မှာ မန်စီးတီးတို့က အိမ်ကွင်းမှာ အနိုင်ယူထားပါတယ်။ ဒါပေမယ့် စပါးဟာ ခြေစွမ်းပြန်တက်နေတာမို့ ဒီပွဲမှာ မန်စီးတီးတို့ ထင်တိုင်း မပေါက်နိုင်ပါဘူး။ စပါးဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် ကြိုးစားနေတာမို့ ဒီပွဲကို အနိုင်ရအောင် ကစားပါလိမ့်မယ်။ ဒါပေမယ့် စပါးတိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းခြေစွမ်းက ကျဆင်းနေတာမို့ မန်စီးတီးခံစစ်ကြောင်းကို ထိထိရောက်ရောက် ကျော်ဖြတ်ဖို့တော့ အဟန့်အတားတွေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

ဆန်းဒါးလန်းနှင့်အဲဗာတန်

အဲဗာတန်ဟာ ပွဲစဉ်တွေများလာတာနဲ့အမျှ ခြေစွမ်းယိုင်လာတာမို့ အခုပွဲဆန်းဒါးလန်းကွင်းမှာ အကြိတ်အနယ် နွှဲရပါလိမ့်မယ်။ အဲဗာတန်ဟာ အသင်းလိုက် ကစားအားကောင်းပေမယ့် အဆုံးသတ်ဂိုးသွင်းမှုအပိုင်းမှာ အားနည်းမှုတွေ ရှိနေတာမို့ ဒီပွဲမှာ အမှတ်ရဖို့ ကြိုးစားရပါလိမ့်မယ်။ ဆန်းဒါးလန်းဟာ ခြေစွမ်းအားရစရာမရှိပေမယ့် အဲဗာတန်ကိုတော့ အိမ်ကွင်းမှာ မာမာတင်းတင်းကစားနိုင်ဖို့ ပြင်ဆင်ပါလိမ့်မယ်။ ဒီနှစ်သင်းဟာ ညီမျှခြင်းကျသွားနိုင်တဲ့ အခြေအနေလည်း ဖြစ်ပေါ်နိုင်ပါတယ်။ ။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

☆ အေစီမီလန်အသင်းသည် အောင်မြင်မှုများရရှိလိုပါက ဘောလုံးသမားအသစ်များ ဝယ်ယူဖြည့်ဆည်းမှု ပြုလုပ်ရမည်ဖြစ်ကြောင်း မာလ်ဒီနီက ပြောကြားသည်။

☆ ဗီလာအသင်းခေါင်းဆောင် ပက်ထရော့ဗ်သည် သွေးကင်ဆာကို ကုသမှုခံယူနေကြောင်း ဗီလာအသင်း တာဝန်ရှိသူများက ပြောကြားသည်။

☆ ဝက်စ်ဟမ်းတိုက်စစ်မှူး ဗက်ဇ်တီကာရိုးအား ခေါ်ယူရန် ဆီဗီလာအသင်းတာဝန်ရှိသူများက စောင့်ကြည့်လျက်ရှိသည်။

☆ မန်ယူဂိုးသမား ဒီဂီယာကို ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

☆ မန်စီးတီးတိုက်စစ်မှူး အဂူရိုအား ဂျူဗင်တပ်စ်အသင်းက ခေါ်ယူ စာချုပ်ရန် ပြင်ဆင်မှုများ ပြုလုပ်နေသည်။

☆ လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပွဲစဉ်များကို အင်န်ဘီစီ အားကစားရုပ်မြင်သံကြားချန်နယ်မှ အမေရိကန်နိုင်ငံ တစ်ဝန်းသို့ ထုတ်လွှင့်သွားမည်ဖြစ်သည်။

☆ ကာဒစ်အသင်းသည် လာမည့်ဘောလုံးရာသီ၌ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခြင်းမှာ သမိုင်းဝင်အောင်မြင်မှုဖြစ်ကြောင်း နည်းပြမက်ကေးက ပြောကြားသည်။

☆ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဂိုမက်ဇ်အား ထိပ်တန်းကလပ် အသင်းအများအပြားက ခေါ်ယူရန် ကမ်းလှမ်းနေရာ ရောင်းချမည်မဟုတ်ကြောင်း တာဝန်ရှိသူများက ငြင်းဆိုလိုက်သည်။

☆ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက နည်းပြဗီလာနိုသည် ထိပ်တန်းနည်းပြတစ်ဦး၏ အရည်အချင်းများပိုင်ဆိုင်ထားကြောင်း ထုတ်ဖော်ပြောကြားသည်။

ကမ္ဘာ့အလှူမ်းမိုးနိုင်ဆုံး ဘောလုံးသမား

သုံးပွဲပိတ်ပင်ခံထားရသော အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီအား တိုင်း(မ်)မဂ္ဂဇင်းက ကမ္ဘာ့လွှမ်းမိုးမှုအရှိဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်လိုက်သည်။

ဘာလော့တယ်လီသည် ဇန်နဝါရီလက မန်စီးတီးမှ စီးရီးအေသို့ ပြန်ရောက်လာခဲ့သည်။ ၄င်းအား ကမ္ဘာ့လွှမ်းမိုးမှုအရှိဆုံးဘောလုံးသမားအဖြစ် တိုင်း(မ်)မဂ္ဂဇင်းက ရွေးချယ်ခဲ့သည်။ သူသည် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများကိုပါ လွှမ်းမိုးနိုင်သည်ဟုဆိုသည်။

အလှည့်ကျကစားရေးစနစ် ဂျွန်တယ်ရီလက်ခံ

ချယ်လ်ဆီးနည်းပြ ရာဖေးလ်ဘင်နီတက်စ်၏ အလှည့်ကျကစားရေးပေါ်လစီကို လက်ခံကြောင်း ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက ပြောကြားသည်။ တယ်ရီသည် ၂၀၁၃ ခုနှစ်ရာသီတွင် အစပွဲသုံးပွဲအပါအဝင် ကစားခဲ့ရသည်။ ၄င်းသည် ဧပြီ ၁၇ ရက်က ဖူလ်ဟမ်ကို အနိုင်ရသည့် ပြိုင်ပွဲတွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ "ကစားသမားဆိုတာ မကစားရဘူးဆိုရင် စိတ်ပျက်တတ်ပါတယ်။ ဒါကြောင့် အလှည့်ကျကစားသွားရေးစနစ်ကို လက်ခံရမှာဖြစ်ပါတယ်" ဟု အသက် ၃၂ နှစ်အရွယ်ရှိ ဂျွန်တယ်ရီက ပြောကြားသည်။

မက်ဆီချန်ပီယံလိဂ်ကစားရန် အသင့်ဖြစ်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် လာမည့် အင်္ဂါနေ့တွင် ဘိုင်ယန်မြူးနစ်နှင့်ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့တွင် ပါဝင်ကစားရန် လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဖာဘရီဂတ်စ်က ပြောကြားသည်။ မက်ဆီသည် ပီအက်စ်ဂျီနှင့်ကစားသည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သို့သော်လည်း ယခုအခါ ကောင်းမွန်စွာလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း အာဆင်နယ်ကစားသမားဟောင်း ဖာဘရီဂတ်စ်က ပြောကြားသည်။ သူသည် ဂိုးပေါက်ဖန်တီးမှု အကောင်းဆုံး တိုက်စစ်မှူးဖြစ်ကြောင်း၊ ဘာစီလိုနာအတွက် ဂိုးများဆက်လက်သွင်းယူပေးလိမ့်မည်ဖြစ်ကြောင်း ဖာဘရီဂတ်စ်က ပြောသည်။

ပီတာချက်နှင့် ဒေးဗစ်လုဇ် ချယ်လ်ဆီးကိုဦးဆောင်သူများ ဖြစ်လာနိုင်

စတမ်းဖို့ဒ်ဘရစ်တွင် အနာဂတ်ချယ်လ်ဆီးအသင်းကို ဦးဆောင်နိုင်ရန် ဂိုးသမားပီတာချက်နှင့် နောက်တန်းကစားသမား ဒေးဗစ်လုဇ်တို့အား ချယ်လ်ဆီးအသင်း ခေါင်းဆောင်ဂျွန်တယ်ရီက ရွေးချယ်ခဲ့သည်။

ဘရာဇီးကြယ်ပွင့် ဒေးဗစ်လုဇ်သည် ခံစစ်တွင် အဓိကအားထားရပြီး အသင်းကိုဦးဆောင်နိုင်သူဖြစ်ကြောင်း၊ ပီတာချက်မှာလည်း အသင်းကို ဦးဆောင်နိုင်သည့် အရည်အချင်းပြည့်ဝသူဖြစ်ကြောင်း ဂျွန်တယ်ရီက ထောက်ခံပြောဆိုခဲ့သည်။ ကွင်းလယ်ကစားသမားလမ်းပတ်အနေဖြင့် အသင်းကိုဦးဆောင်သူဖြစ်နိုင်သော်လည်း အသက်အရွယ်အရ မျိုးဆက်သစ်များကို နေရာပေးရမည်ဖြစ်ကြောင်း ဂျွန်တယ်ရီက ပြောကြားသည်။ ယင်းအတွက် ဒေးဗစ်လုဇ်နှင့် ပီတာချက်တို့သည် အနာဂတ်ချယ်လ်ဆီးအသင်းကို ဦးဆောင်ကြမည့်သူများဖြစ်ကြောင်း ဂျွန်တယ်ရီက ပြောကြားသည်။

ကောင်းမြတ်သူ

သာရာအာသာ SUCCESS Language Academy 202046 256954
Y.W.C.A ရန်ကုန် အမှတ်(၁၁၉)၊ ဘိုတထောင် 0949249463

Basic English Speaking 2 - 5 Sat+Sun 20 Apr 7:30 - 9 Mon-Thurs 22 Apr 1 - 2:30 Mon-Thurs 22 Apr	Vocab Enrichment 2 - 5:00 Sat+Sun 20 Apr	IELTS Four Skills 2 - 5:30 Sat+Sun 20 Apr
Four Skills English (Basic) 2 - 5:00 Sat+Sun 20 Apr 7:30 - 9 Mon-Thurs 22.29 Apr 2 - 5:00 Sat+Sun 4 May 1 - 2:30 Mon-Thurs 6 May	Basic Grammar 9:30-11:30 Sat+Sun 20 Apr 7:30 - 9 Mon-Thurs 6 May	IELTS Exam Practice 7:30-10:30 Sat+Sun 18 May
Pre-Intermediate (4Skill English) 3:30 - 5 Mon-Thurs 29 Apr 2 - 5:00 Sat+Sun 5 May 7:30 - 9 Mon-Thurs 5 May	Intermediate Grammar 7:30 - 9 Mon-Thurs 6 May	IELTS Speaking 1 - 2:30 Mon-Thurs 22 Apr
Intermediate (Academic English) 2 - 5:00 Sat+Sun 20 Apr 1 - 2:30 Mon-Thurs 22 Apr	Basic Writing 7:30 - 9 Mon-Thurs 8 Apr 7:30-9:30 Sat+Sun 20 Apr	IELTS Reading 7:30-9:30 Mon-Thurs 22 Apr
	Intermediate Writing 7:30-9:30 Sat+Sun 20 Apr	IELTS Writing 3 - 5:00 Sat+Sun 20 Apr

Marlins English သင်တန်း 4:30-7:30 (Sat+Sun) Apr 27

ကန့်ကွက်နိုင်ပါကြောင်း

ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးစိန်လွင် အမည်ပေါက်ပိုင်ဆိုင်သော ဘားအံခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ကွင်းအမည်(လှိုင်ကွယ်အင်း)၊ ကွင်းအမှတ် ၁၁၄၊ ဧရိယာ ၁၄၅၃သမ၉၇ အလယ်ရွာရှိ ကြက်ပေါင်စေးစိုက်ပျိုးသည့် ပတ္တာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စိုက်ပျိုးသည့် ရော်ဘာပင်များ၊ သီးပင်၊ စားပင်အပါအဝင် ယင်းမြေကွက်နှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်တင်လှိုင်ကွယ်လွန်ပြီးနောက်ပိုင်း မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ မိမိတို့မှအပ အခြားမည်သူမျှ မပိုင်ကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသော သားသမီးငါးဦးထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၅၃လမ်း၊ အမှတ် ၃၅၊ မြေညီထပ်နေ ဦးသန်းမြင့် ၁၀/မလမ(နိုင်)၁၇၅၂၁၁နှင့် မိတ်ဆွေနှစ်ဦးတို့က ဝယ်ယူမည်ဖြစ်ပါသောကြောင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်ပတ်သက်ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ရှေ့နေ ဇလွန်ဦးလှဖေ (စဉ်-၅၈၉၄)
အမှတ် ၁၇၊ ဒုတိယထပ်(ယာ)၊ ၅၄ လမ်း၊
(၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၂၀၀၇၁၂၊ ၀၉-၅၁၂၁၆၆၇

အမည်ပြောင်း

ဦးမြင့်ဆန်း ၉/မမန(နိုင်)၀၁၀၃၁၁၏ သမီး နေပြည်တော်၊ ဇမ္ဗူသီရိ၊ အထက(၅)၊ စတုတ္ထတန်း(က)မှ မနန်းသဥ္ဇာဆန်းအား မနန်းရွှေစင်ရှန်းလဲ့ဟု ပြောင်းလဲခေါ်ပါရန်။
မနန်းရွှေစင်ရှန်းလဲ့

ကျေးဇူးဆပ်ပါမည်

၁၉-၄-၂၀၁၃ရက် ည ၈း၃၀နာရီခန့်တွင် တက္ကသိုလ်လမ်းသစ်မှ အင်းလျားလမ်းသို့ Mark II (ရွှေငါး)တက္ကစီအား ကားငှားစီးစဉ် ၄င်းကားပေါ်သို့ ကားသော့(အဝိုင်းပုံသဏ္ဍာန်)အနက်ရောင် ပါသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၆၁၃၂၈၊ ၀၁-၅၄၆၃၇၈

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်အနှံ့ သင်္ကြန်ပွဲတော်များ စည်ကားစွာကျင်းပ

ရခိုင်ပြည်နယ်၏ ၁၃၇၄ ခုနှစ် သင်္ကြန်ပွဲတော်ကို ပြည်နယ်အနှံ့ အပြားတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ၂၀၁၃ ခုနှစ် ဧပြီ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှိ ဗဟိုရေကစားမဏ္ဍပ်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲ အခမ်းအနားကို ဧပြီ ၁၄ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ ဆောင်၌ကျင်းပရာ စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်ကိုယ်စားပြု အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအသင်းအဖွဲ့များက ပါဝင်ယှဉ်ပြိုင်ကြပြီး တက်ရောက်လာကြသူများ သောင်းသောင်းဖြဖြ အားပေးကြသည်။

ရခိုင်ရိုးရာ ဘုရားရေသပ္ပာယ်ပွဲကို ဧပြီ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်တွေမြို့ရှိ အတုလမာရဇိန် ဘုရားကြီး၌ ကျင်းပရာ ရခိုင်ပြည်နယ်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဒက္ခိနာရာမကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒအမျုး ပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်ပေးတော်မူကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး တက်ရောက်လာကြသူများက ဗုဒ္ဓရုပ်ပွားတော်များအား နံ့သာရည်၊ ကရမက်ရည်များဖြင့် ရေသပ္ပာယ်ပေးကြသည်။

စစ်တွေမြို့အလှရှမဝ၊ သင်္ကြန်အခါသမယ

ရခိုင်ပြည်နယ် မြို့တော်စစ်တွေတွင် ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် ရခိုင်ရိုးရာ နံ့သာသွေးခြင်း၊ ဘုရားရေသပ္ပာယ်ခြင်းများကို သင်္ကြန်အကြိုနေ့မှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထို့အပြင် ဘုရား၊ ကျောင်းကန်များသို့ သွားရောက်ကာ သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ အလှူဒါနပြုခြင်းများကို ဆောင်ရွက်နေကြကြောင်း တွေ့ရသည်။

ယဉ်ကျေးသိမ်မွေ့

စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ ရေလောင်းပွဲကော်မတီက ကျင်းပသော ပန်းမြတ်သဇင်(၁)၊ ပန်းမြတ်သဇင်(၂)၊ ပန်းမြတ်သဇင်(၃) ရေလောင်း မဏ္ဍပ်များကို ကမ်းနားလမ်းတွင် လည်းကောင်း၊ လမ်းမကြီးတစ်လျှောက်တွင် ဗဟိုရခိုင်ရိုးရာရေလောင်းမဏ္ဍပ်၊ တက္ကသိုလ်ပေါင်းစုံ ကျောင်းသား ကျောင်းသူများ၏ ရခိုင်ရိုးရာရေလောင်းမဏ္ဍပ်၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၏ ရခိုင်သဇင်ရေလောင်းမဏ္ဍပ်နှင့် ရပ်ကွက်များရှိ ရေလောင်း မဏ္ဍပ်ငယ်များကို လည်းကောင်း၊ မင်းဘာကြီးလမ်းနှင့် မေယုလမ်းတစ်လျှောက်တွင် ရပ်ကွက်မဏ္ဍပ်ငယ်များကို တွေ့ရှိရပြီး ယဉ်ကျေးသိမ်မွေ့စွာဖြင့် ရေကစားနေကြကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကမ်းနားလမ်းရှိ ပန်းမြတ်သဇင် ရေလောင်းမဏ္ဍပ်များအနီးတွင် ရခိုင်စတီရီယို အဆိုတော်များ၏ ဖျော်ဖြေသီဆိုနေမှုများကို တွေ့ရှိရပြီး အလွန်စည်ကားလျက်ရှိသည်။ စစ်တွေမြို့ပေါ်ရှိ လမ်းများတစ်လျှောက်တွင် ရေကစားနေကြသော ကားများ၊ သုံးဘီးဆိုင်ကယ်များဖြင့် စည်ကားလျက်ရှိသည်။

ပေါက်တောနှင့် အခြားမြို့များ

ပေါက်တောမြို့ပေါ်ရပ်ကွက်များတွင် မဟာနွယ်၊ လှပျိုဖြူ၊ လန်းသော်တာ၊ ရွှေပိတောက်၊ ပြုံးရိပ်ချို၊ ကျောင်းသားသမဂ္ဂ၊ ရောင်စုံမယ်၊ ပိတောက်ပျိုဖြူ စသော ရခိုင်ရိုးရာ ရေလောင်းမဏ္ဍပ်များဖြင့်လည်းကောင်း၊ ကျေးရွာများတွင်လည်း မိမိတို့ကျေးရွာအလိုက် မဏ္ဍပ်များပြုလုပ်၍ လည်းကောင်း၊ အခြားမြို့နယ်များတွင်လည်း ရေလောင်းမဏ္ဍပ်များ ပြုလုပ်၍လည်းကောင်း သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။

ကျင်းပ

နှစ်ဆန်း(၁)ရက်နေ့တွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကို လည်းကောင်း၊ လောကာနန္ဒာစေတီတော်တွင် အသံမစဲပဋ္ဌာန်းရွတ်ပွဲတော်ကို လည်းကောင်းကျင်းပသည်။ အခြားမြို့နယ်များတွင်လည်း သက်ကြီးပူဇော်ပွဲများနှင့် ကုသိုလ်ဒါနပြုပွဲများကို ကျင်းပခဲ့ကြကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

အုပ်ချုပ်ရေးမှူးအား ဓားဖြင့်ခုတ်ရန် ကြံသူ အရေးယူ

မလှိုင် ဧပြီ ၁၉

မလှိုင်မြို့နယ် မိတ္ထီလာ-မြင်းခြံသွားကားလမ်း ပန်းအိုင်ကျေးရွာအနီး မြစ်ကျဉ်းကျေးရွာ ကားဂိတ်တွင် လုံခြုံရေးအရ တားဆီးထားသော (ဘယ်ရီဂိတ်)အား ဧပြီ ၁၃ ရက် ညနေက မြစ်ကျဉ်းကျေးရွာနေ ဖိုးပိုင်(ခ) သိန်းပိုင် (၃၂ နှစ်)သည် အရက်သေစာများ သောက်စားမူးယစ်ပြီး ကားဂိတ်အဝင်/အထွက် အတားအဆီးများအား ဖျက်ဆီးနေကြောင်းသတင်းအရ မလှိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်နှင့် ပန်းအိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးတို့က သွားရောက်စစ်ဆေးကြသည် ဆို၏။ ထိုသို့တာဝန်ရှိ မြို့နယ်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား ဖိုးပိုင်(ခ)သိန်းပိုင်က အသင့်ယူဆောင်လာသော ထင်းခုတ်ဓားဖြင့် လိုက်လံခုတ်သဖြင့် တာဝန်ရှိသူများမှာ ထွက်ပြေးခဲ့ရသည်ဆို၏။ ထို့ကြောင့် ပန်းအိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးက တာဝန်ရှိသူများအား ဓားဖြင့်လိုက်လံခုတ်သူ၊ အသက်အန္တရာယ်ပြုသူ ဖိုးပိုင်(ခ)သိန်းပိုင်အားအရေးယူပေးရန် မလှိုင်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက ဖိုးပိုင်(ခ) သိန်းပိုင်အား ဖမ်းဆီးအရေးယူထားကြောင်းသိရသည်။**တင်လှိုင်(မိတ္ထီလာ)**

သက်ကြီးပူဇော်ကန်တော့ပွဲ ခန္တီးမြို့၌ကျင်းပ

ခန္တီး ဧပြီ ၁၉

၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် နံနက် ၉ နာရီတွင် ခန္တီးမြို့ ပေါမိုင်းရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းဓမ္မာရုံ၌ လွှတ်တော်ကိုယ်စားလှယ်များ ဦးစီး၍ သက်၇၀နှင့် အထက် သက်ကြီးအဘိုးအဘွားများအား သက်ကြီးပူဇော်ကန်တော့ပွဲ ပြုလုပ်ခဲ့ရာ သက်ကြီးအဘိုးအဘွား ၂၃၅ ဦးအားတစ်ဦးလျှင် အလှူငွေကျပ် ၉၂၀၀ဖြင့် စုစုပေါင်း ငွေကျပ် ၂၁၆၂၀၀၀ ကျပ် လှူဒါန်းခဲ့ပြီး မြို့ပေါ်ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တနန္ဒပါလ တောင်တန်းသာသနာပြု (ဗဟို)ကျောင်းဆရာတော် ဘဒ္ဒန္တသူရိယနှင့် ဆရာတော် ၁၁ ပါးအား နဝကမ္မဝတ္ထု ငွေကျပ်၁၅၀၀၀ ဖြင့် ငွေကျပ် ၁၆၅၀၀၀ တို့အား မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာနှင့်အညီ ပူဇော်ကန်တော့ကြသည်။ အခမ်းအနားတွင် အသက် ၉၃ နှစ်အရွယ်ရှိ အဘိုး ဦးဖိုးချိုက သြဝါဒစကားချီးမြှင့်ခဲ့သည်။

ထိုကန်တော့ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) အမျိုးသားလွှတ်တော်ကိုယ် စားလှယ် ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို၊ ခန္တီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြမောင်တို့က လှူဖွယ်ပစ္စည်းများနှင့်အလှူငွေများ လှူဒါန်းကြပြီး တပ်ဘက်နယ်ဘက်မှ အလှူရှင်များ၊ တက်ရောက်လာကြသည့် အလှူရှင်များက ဆက်လက်လှူဒါန်းကြသည်။ **အောင်ချစ်လွင်**

မုဒုံမြို့၌ သက်ကြီးပူဇော် ကန်တော့

မုဒုံ ဧပြီ ၁၉

မွန်ပြည်နယ် မုဒုံမြို့နယ် စံပြ တံခွန်တိုင်ကျေးရွာ၏ (၃၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို (ဧပြီ ၁၇ ရက်) မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၇ နာရီတွင် ကျေးရွာရှိ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ အသက် ၈၀နှစ်နှင့်အထက် အဘိုး ၃၆ ဦး၊ အဘွား ၅၇ ဦး စုစုပေါင်း ၉၃ ဦးတို့အား ကျေးရွာသူ ကျေးရွာသားများက ဂါရဝပစ္စည်းနှင့် အလှူငွေများဖြင့် စုပေါင်းကန်တော့ကြသည်။

မွန်းလွဲပိုင်းနှင့်ညနေပိုင်းတို့တွင် ကျေးရွာလူငယ်များ ဦးစီးကာ ကျေးရွာရှိ ကိုးနဝင်းစေတီနှင့် အရန်စေတီ ကိုးဆူတို့အား ရေသပ္ပာယ်ပြီး ပေ ၁၅၀၀ ကျော်ရှည် ကျေးရွာရှိ ဂမုန်းဘုရားလမ်းအား ဂဝံကျောက်ခင်းခြင်းလုပ်ငန်းတို့ကို နှစ်ဦးကုသိုလ်အဖြစ် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(၁၀၈)**

အတူအိပ်ရင်း စကားပြောမည်ဆိုသူ အရေးယူခံရ

သာစည် ဧပြီ ၁၉

မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်ရမ်းရဲစခန်း ထနောင်းကန်ကျေးရွာတွင် ဧပြီ ၁၂ ရက် နံနက် ၉ နာရီခွဲက ထနောင်းကန်ကျေးရွာနေ မမွန်မွန်ဦး အသက်(၂၀ နှစ်)သည် ရွာ၏အရှေ့ဘက်ရှိ ရေကန်တွင် ရေခပ်သွားခဲ့သည်ဆို၏။ ထိုစဉ် တစ်ရွာတည်းနေ ဦးဝင်းမြင့် အသက်(၅၀ နှစ်)က နောက်မှလိုက်လာပြီး ည ၁၀ နာရီတွင် ၎င်း၏နွားတဲတွင် အတူအိပ်ရင်းစကားပြောမည်ဟုဆိုသည်။

ထိုသို့ပြောကြားသဖြင့် မမွန်မွန်ဦးက ဦးလေးဘာစကားပြောတာလဲဟု ပြန်ပြောရာ ဦးဝင်းမြင့်က မမွန်မွန်ဦး၏ ညာလက်ကိုဆွဲပြီး ဘယ်သူ့မှ မတိုင်ရန်နှင့် တိုင်ရင်အသိပဲဟု ပြောဆိုခြိမ်းခြောက်သဖြင့် မမွန်မွန်ဦးက ထမ်းပိုးဖြင့် ရိုက်ရန်ရွယ်ကာ ဦးဝင်းမြင့်က မမွန်မွန်ဦး၏ လက်ကိုလွှတ်ပြီး ထွက်ပြေးသွားသည်ဆို၏။ မမွန်မွန်ဦးက ညောင်ရမ်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက ဦးဝင်းမြင့်အား အမှုဖွင့်အရေးယူထားသည်။

တင်လှိုင်(မိတ္ထီလာ)

အမည်ပြောင်း

တောင်ကြီးမြို့၊ ကံသာရပ်ကွက်နေ ဦးသိန်းနိုင်၏သား အထက(၃)၊ ပဉ္စမတန်း(ဂ)မှ စိုင်းကောင်းသူရအား ယနေ့မှစ၍ စိုင်းကောင်းစည်သူဟု ပြောင်းလဲခေါ်ပါရန်။

စိုင်းကောင်းစည်သူ

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၂၂၈၀ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစုလှိုင် ၁၃/လရန(နိုင်)၁၂၇၈၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

သုတစုံလင် ပုဒ္ဓဝင်ပြိုင်ပွဲ

(အလယ်တန်းဆင့်)ဝင်ခွင့်စာမေးပွဲ အထောက်အကူပြု ပုဒ္ဓဝင် နှင့် ယဉ်ကျေးမှုသင်တန်း

www.dhammaschools.com

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မန္တလေးခရိုင်တရားရုံး

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၂၃ နှင့်ဆက်သွယ်သည့်

၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၂၈

ဒေါ်ရန်မေလီး **တရားနိုင်** နှင့် ဦးလှအောင် **တရားရှုံး**

ဦးလှအောင် ချမ်းမြသာစည်မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခင်နေရပ်လိပ်စာ)ယခုနေရပ်လိပ်စာမသိ သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၂၃တွင်ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ရန်မေလီးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဧပြီ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထားထား)
ဒုတိယခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/ခ၊ မြေကွက်အမှတ် ၉၊ မြေကွက်တည်နေရာအမှတ် ၄၄၊ ကျိုက္ကဆံဘုရားလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်း ဦးကြင်၊ ဒေါ်ဝင်းကြည်အမည်ပေါက် ဂရန်သက်ကုန်မြေအား (၁) ဦးရဲထွန်း ၁၂/သဃက(နိုင်)၀၇၄၆၈၇၊ (၂) ဒေါ်စန်းစန်းအေး ၁၂/သဃက(နိုင်)၀၄၃၇၁၈တို့က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်(၂၁၉/၂၀၁၀)၊ ဇာရီမှုအမှတ်(၁၂၆/၂၀၁၀)၊ အရောင်းအဝယ်စာချုပ်အမှတ်(၇၃၇၈/၂၂-၁၁-၁၁)နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ်(၅၆၉၃/၂၂-၁၀-၁၂)တို့ကိုတင်ပြ၍ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၂၁၈၃၈ (Honda Dream N 125 M) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်မျိုး ၇/ပခန(နိုင်)၀၀၂၆၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

ကြော်ငြာ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦး - ဦးစီးခေါင်းဆောင်ကောင်းပီသစွာ။
ကြီး - မြတ်သော မေတ္တာတရားများစွာနှင့်။
စိုး - မိုးလွှမ်းခြုံပြီး...

သားတွေကို ထိန်းကျောင်းလမ်းပြပေးခဲ့သော ကျေးဇူးကြီးမားလှတဲ့ ဖခင်ကြီး ဦးကြီးစိုး (ညွှန်ကြားရေးမှူးချုပ်၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)၏ ၂၀၁၃ ခုနှစ် ဧပြီ ၂၀ ရက်တွင် ကျရောက်သော အသက်(၆၀)ပြည့် မွေးနေ့မှနောင်နှစ်ပေါင်းများစွာတိုင်အောင် သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ စိတ်ချမ်းသာစွာနဲ့ ဘာသာ၊ သာသနာအကျိုးကို သက်ရာကျော်ရှည်တဲ့အထိ သယ်ပိုးထမ်းရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းပို့သလိုက်ပါသည်။

သားငယ် - ကိုအောင်ပိုင်မင်းနှင့် သမီးငယ် မနှင်းပွင့်ဖြူ
ချစ်သော - မြေးလေး မောင်ခိုင်ဖြိုးမင်းနှင့် ချစ်မြေးမလေး ဘေဘီနှင်းပွင့်ဖြူ
အောင်ပိုင်မင်း ကုမ္ပဏီလီမိတက်
Myanmar Image Media (MIM)
Make In Myanmar Construction
Advertisement Journal (Ads) မှ ဝန်ထမ်းများ

လူပျောက်ကြော်ငြာ

မြောက်ဦးမြို့နယ်၊ ကန်စောက်ကျေးရွာအုပ်စု၊ ကန်စောက်ကျေးရွာနေ ဦးနက်အောင်၏သား ဦးခင်မောင်သိန်း အသက်(၄၈)နှစ်ခန့်သည် ရွှေညောင်ပင်ကားဂိတ်တွင် မန္တလေးမှ အပြန် ပျောက်ဆုံးသွားပါသည်။ ၄င်းအား မိသားစုများက လိုက်လံရှာဖွေနေကြပါသည်။ ၄င်းအား တွေ့ရှိပါက မည်သူမဆို အောက်ပါဖုန်းနံပါတ်အား ဆက်သွယ်နိုင်ပါရန် လေးစားစွာဖြင့် အကြောင်းကြား အသိပေးအပ်ပါသည်။
(ရခိုင်/ဗုဒ္ဓ မှတ်ပုံတင်ပါမသွားပါ။)
ဖုန်း-၀၉-၄၂၁၇၃၄၀၆၃၊
၀၉-၄၂၁၇၅၉၄၁၁၊
၀၉-၄၉၆၆၀၅၇၇

BBS U HLA BU'S TOEFL
Intensive Course April 22 ညနေပိုင်း ph 220403
၁၈ (A) ဦးလှရိုလမ်း ၊ ကြည့်မြင်တိုင် ။ (သီတာရုံအနီး)

ကိုယ်ပိုင်ကျောင်း၊ အစိုးရကျောင်း၊ ဘယ်ကျောင်းကိုတက်တက်၊ ကျောင်းချိန်ပြင်ပ ...
ပိုင်၆၀ ဘော်ဒါ နှင့် အဆင့်မြင့် စာသင်ခိုင်းများ
မှ (၁၆) နှစ်မြောက်အဖြစ် သင်ကြားပေးလျက်ရှိပေးပါမည်။
၅ တန်း မှ ၁၀ တန်းထိ — ကျား/မ သီးသန့် ဘော်ဒါဆောင်; သင်္ချာ အင်္ဂလိပ်စာ နေ့တက်ပိုင်းများ ...
အမှတ်(၂၀) မဟာစေတီလမ်း ရေကျော်ရပ် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။
ဖုန်း ၀၉-၇၃၁၇၇၈၀၆၊ ၀၉ ၄၃၀၀၄၄၇၂

101 ဆံပင်ပေါက်ဆေး
ဆံပင်ပေါက်ဆေး ခေါင်းလျှော်ရည် ဝက်ခြံပျောက်ဆေး
22.4.2013 မှ 29.4.2013 ထိ
ခေါင်းလျှော်ရည် ၂၀၀မီလီ တစ်ဘူးဝယ်ရုံနှင့် ရှိုဗည်းအခွင့်အရေး
ဆံပင်ပေါက်ဆေး ကိုအောက်ပါစင်တာများတွင်(အခမဲ့) ထည့်ပေးသွားပါမည်
ဆံပင်ကျွတ်၊ ဗောက်ထပြီး ဦးရေယားယံ ပွခဲ့အားနေရသူများ
အရောက်လှမ်းခဲ့ဖို့ မမေ့နဲ့နော်....
စင်တာ(၁)- ၁၁၅၊ လမ်း(၂၀)၊ လသာ။ 01-251230
စင်တာ(၂)- ၁၅၊ သပြေညိုလမ်း၊ စမ်းချောင်း။ 01-2304550
တနင်္ဂနွေနေ့ပိတ်သည်

ကန့်ကွက်လိုက [illegible] (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁။	[illegible]	[illegible]	[illegible]	၇၂	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	သာကေတ	၁	[illegible]	[illegible]	[illegible]	[illegible]
၃။	[illegible]	[illegible]	စမ်းချောင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	[illegible]	[illegible]	စမ်းချောင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	[illegible]	[illegible]	တောင်ဥက္ကလာ	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	သာကေတ	၁	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	စမ်းချောင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ပတ္တမြားရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဦးအောင်ဆွေနှင့် ချစ်မေမေ ဒေါ်သန်းသန်းဝင်းတို့၏ ၁၇-၄-၂၀၁၃ရက်တွင်ကျရောက်သော နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာရက်မြတ်မှသည် နောင်ရတု နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ချစ်သားသမီးမြေးများနှင့်အတူ လောကီ၊ လောကုတ္တရာနှစ်ဖြာကောင်းကျိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားသမီးများ

- ဦးဇော်မင်း-ဒေါ်ခင်ခင်ချို(နေလင်းရောင်ဆေးဆိုင်၊ ကြို့ပင်ကောက်မြို့)
- ဦးဇော်မောင်မောင်(လ/ထ မန်နေဂျာ၊ ပြည်တွင်းရေကြောင်း)-ဒေါ်ထိုက်ထိုက်မွန် (ဟံသာဝတီ OCS၊ ဆသရ)
- ဗိုလ်မှူးဇော်အောင်အောင်-ဒေါ်သီတာအောင်
- ဗိုလ်မှူးညီညီအောင်

ချစ်မြေးများ

- မရွှေစင်ဦး (အထက-၂၊ အင်းစိန်)
- မဟေမာန်နှင်း (အမက၊ ဗဟို၊ အင်းစိန်)
- မောင်ထူးမြတ်ရဲ

April မွေးနေ့ဆုတောင်း

၂၀၁၃ ဧပြီ ၁၀ရက်တွင် ကျရောက်သော ဒေါက်တာ မအေးငြိမ်းငြိမ်းကို လ/ထ ဆရာဝန် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးနှင့် ဧပြီ ၁၉ရက်တွင်ကျရောက်သော ဒေါက်တာ ဒေါ်သီတာရွှေ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီးတို့၏ မွေးနေ့မှသည် နောင်နှစ် ၁၂၀တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်ဖွယ်မွေးနေ့များစွာ ဖြတ်သန်းနိုင်ပါစေ-

ဦးတင့်ရွှေ(မန်နေဂျာ-မြန်မာ့ရေနံဆောင်ဘဏ်)၊ ဒေါ်ခင်ကြည်
ဒေါ်ဝင်းဝင်းကြည်(လ/ထ အင်ဂျင်နီယာ၊ မွန်ပြည်နယ်စည်ပင်)
ဦးလှမြင့်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ စွမ်းထက်
မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးခန်း)
ခင်စံပါယ်ကို Final Part I, ဆေးတက္ကသိုလ်(၂)

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဦးဝင်းအောင် နှင့် ၁။ ဦးငြိမ်း(ခ)ဦးညိမ်း
၂။ ဒေါ်သန်းနု

တရားလို တရားပြိုင်များ

(၁) ဦးငြိမ်း(ခ)ဦးညိမ်း အမှတ် ၁၅၆/၃၊ ၇၂×၇၃ကြား၊ ၃၃×၃၄လမ်းကြား၊ သရဖီလမ်းသွယ်၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)၊ (၂) ဒေါ်သန်းနု အမှတ်(တ-၄/၆၅)၊ ၆၂လမ်း၊ သဇင်လမ်း၄၃ ၄၀လမ်းကြား၊ ၈၀ဘင်(၁၀၀)ဆံ့ဆေးရုံကြီးတောင်ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဝင်းအောင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြစ်ငယ် အောင်သခြေရပ်ကွက်၊ အကွက်အမှတ်(နန-၁၅)၊ ဦးပိုင်အမှတ် ၃၉၊ ဧရိယာ ၀.၁၁၁ ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့သည် တရားလို တရားဝင်လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး ငွေချက်ထုတ်ပေးစေလိုမှုဖြင့် လျှောက်ထားခွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ပြဿနာအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၃ရက်(၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုခွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်၍အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဝင်းအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကျောင်းသား၊ ကျောင်းသူ ဦးရေ နည်းနည်းသာ လက်ခံ၍ တစ်ဦးချင်းစီ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် မိဘများကဲ့သို့ အထူးဂရုစိုက်မှု၊ စည်းကမ်းရှိမှု၊ အောင်မြင်မှုတို့တွင်
ငြိမ်းစံပယ် နိုင်ငံကျော်

ကံ့ကော်ရွှေပြည်

ဆရာကြီး ဒေါက်တာသန်းထွန်း
B.A ,H.G.P , R.L,D.I.L , DMA, D.B.A(USA), Ph.D(Law)(USA)

ငြိမ်းလ ၂၃ ရက်နေ့တွင် ထယ်ပွင့်ဖွင့်လှစ်မည်

၈တန်း၊ ၉တန်း၊ ၁၀တန်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်

နေ့တက်အဆင့်မြင့်တန်း နှင့် အဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ ကျောင်းသူ သီးသန့်ခွဲ)

- အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
- အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ မွေးစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့
- ဖုန်း- ၀၉ ၇၃၀၁၆၀၉၉၊ ၀၉ ၇၃၀၅၉၉၃၊ ၀၉ ၅၀၇၇၇၅၊ ၀၉ ၅၁၁၀၆၀၂

ကျောင်းကား Ferry စီစဉ်ပေးသည်

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်ကိုအက်ဥပဒေပုဒ်မ ၁၁)
မန္တလေးခရိုင်တရားရုံး ခရိုင်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ် ၃၆

ဒေါ်ရွှေသန်း လျှောက်ထားသူ

ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်၊ အကွက် ၆၃၈၊ လမ်း ၈၀၊ ၃၄×၃၅ကြားရပ်နေ အရွယ်မရောက်သေးသောသူငယ်နှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်၊ အကွက် ၆၃၈၊ လမ်း ၈၀၊ ၃၄×၃၅ကြားရပ်နေ ဒေါ်ရွှေသန်းက အထက် အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မဇင်ဝေလှိုင်၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ၊ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၃ခုနှစ် မေ ၇ရက်တွင် ဆိုင်ဆိုရန်ချိန်းချက်မှုသည်

၂၀၁၃ခုနှစ် ဧပြီ ၁၀ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးစိုး
တွဲဖက်ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၅၈

ဦးရဲထွေး(ခ)ဦးထွေးရီ နှင့် ဦးကျော်စိန်
တရားလို တရားပြိုင်

ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်ကွက်၊ အမှတ် ၇/၂၊ လမ်းသွယ် ၁၄၊ အကွက် ၈၀/၄ နေ ဦးကျော်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေနှင့်အဆောက်အအုံအရောင်းအဝယ်မှတ်ပုံတင်စာချုပ်စာတမ်း ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားခွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ပြဿနာအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၆ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုခွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်၍အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးစိုး
တွဲဖက်ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်မြင့်ကြူသည် ဦးဘုန်းမင်း ၆/မအရ(နိုင်)၀၀၀၀၅၆နှင့် စိတ်သဘောထားတိုက်ဆိုင်မှုမရှိသဖြင့် ၂၃-၃-၂၀၁၃ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်တရားရုံးတော်၊ ခရိုင်တရားသူကြီး ဒေါ်မြသွေး၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ဦးဘုန်းမင်းနှင့်ပတ်သက်သောကိစ္စများသည် ကျွန်မနှင့် လုံးဝ သက်ဆိုင်မှုမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်မြင့်ကြူ
၆/မအရ(နိုင်)၀၀၉၅၂၅

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေကွက်ရပ်ကွက် အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၂၄၉/၈၊ မြေကွက်တည်နေရာအမှတ်-၁၂၄၉၊ မာန်ပြေ လမ်း (၂၀)၊ ၃ ရပ်ကွက်၊ သာကေတမြို့နယ် ဦးစိုးမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့်(ဖခင်)နှင့် ဒေါ်ညိုညို(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော ဒေါ်သန်းသန်းဝင်း ၁၂/တတခ(နိုင်)၀၀၆၉၀၁၊ ဒေါ်ခွေးခွေးဝင်း ၁၂/သကတ(နိုင်)၀၂၂၅၉၄တို့က သေစာရှင်၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်နှင့် အရောင်းအဝယ်စာချုပ် မြေပုံကူးလျှောက်ထားလာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြမြေစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

